မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရေဝတီနှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး တစ်နေ့တခြား တိုးတက်လျက်ရှိ ရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများ ပိုမိုတိုးတက်မြင့်မားလာစေရေး တည်ဆောက်ပြီး လမ်း၊ တံတား၊ ဆည်တမံများ ရေရှည်ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ယင်းမာပင်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့သို့ ရောက်ရှိကြသည်။

ရှင်းလင်းပြသ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ချင်းတွင်းတံတား(မုံရွာ)ကို ဖြတ်သန်း၍ မုံရွာ–ယင်းမာပင်ကားလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ ရုံတောကျေးရွာအနီး၌ အရှည် ၉၄၇ ပေရှိ မြောက်ယမားချောင်းတံတားသို့ ရောက်ရှိကြပြီး မြောက်ယမားချောင်း၏ ရေစီးရေလာအခြေအနေများနှင့် မြောက်ယမားချောင်းတံတား၏ ကြံ့ခိုင်ရေးထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တင့်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားသည် သစ်သားတံတား ဖြစ်သော်လည်း မုံရွာ–ယင်းမာပင်–ဆားလင်းကြီး–ပုလဲကားလမ်းပိုင်းပေါ်တွင် အဓိကအားထားရသော တံတားတစ်စင်းဖြစ်၍ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၁ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

မြန်မာစာပေ၏ အနှစ်သာရနှင့်စွမ်းအား အမျိုးသားရေးလက်နက်သဖွယ် အသုံးချ

၂၀၀၅ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီလ ၃၀ရက်နေ့က နေပြည်တော်၌ ကျင်းပခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရုပ်ပိုင်းဘဝ ဖွံ့ဖြိုးမှုသာမက ပြည်သူတို့၏ စိတ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက်မှုပါ လိုအပ်လျက်ရှိရာ နိုင်ငံနှင့်လူမျိုး၏ယဉ်ကျေးမှုကို ထင်ဟပ်ဖော်ပြနေသည့် အမျိုးသားစာပေ အစဉ်ရှင်သန် ဖွံ့ဖြိုးနေစေရေးသည် အရေးပါလျက်ရှိသည်။

စာပေဆုများကို ချီးမြှင့်ပေးနေခြင်းသည် မြန်မာစာပေ အစဉ်ရှင်သန်ဖွံ့ဖြိုးနေစေရေးအတွက်သာမက အမျိုးသားယဉ်ကျေးမှုဂုဏ်ဒြပ် မြင့်မားခိုင်ကျည်ရေးအတွက်လည်း စောင့်ရှောက်မြှင့်တင်ပေးနေခြင်း ဖြစ်သည်။

စာပေပညာရှင်များအနေဖြင့် စာပေများရေးသားရာတွင် သုတ၊ ရသခံစားမှုနှင့်အတူ အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေးဂုဏ်သတ္တိစွမ်းအားများ ဖြစ်ပေါ်စေရေး ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။ သို့မှသာ စာဖတ်သူများသည် စာပေကပေးသော ယဉ်ကျေးမှု၊ ဗဟုသုတ အမွေများကို အကျိုးရှိစွာ ရယူနိုင်ကြမည်ဖြစ်သည်။

အမျိုးသားစာပေ၏ ထက်မြက်သည့်စွမ်းပကားကို အကျိုးရှိစွာအသုံးချပြီး ပြည်သူတို့၏ အသိအမြင် ဗဟုသုတကြွယ်ဝလာစေရန်နှင့် အမှားအမှန် အဆိုးအကောင်းကို ပိုင်းခြားသိမြင်နိုင်စေရန် စည်းရုံးပညာပေး ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယခုအခါ ကိုလိုနီလက်သစ်နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပအဖျက်သမားများက ဖွံ့ဖြိုးတိုးတက်လာသော မီဒီယာစနစ်ကို လက်နက်သဖွယ်အသုံးချပြီး နိုင်ငံငယ်များအပေါ် ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများ ပြုလုပ်လျက်ရှိရာ ၎င်းတို့ကို နိုင်ငံရေးသတိဖြင့် မျက်ခြည်မပြတ် သိရှိတုံ့ပြန်နိုင်ရမည် ဖြစ်သည်။

သို့ဖြစ်၍ စာပေပညာရှင်များက မြန်မာစာပေ၏ အနှစ်သာရနှင့်စွမ်းအားကို အမျိုးသားရေးလက်နက်သဖွယ် အသုံးချပြီး ကိုလိုနီလက်သစ်နိုင်ငံများနှင့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် တုံ့ပြန်တွန်းလှန် တိုက်ဖျက်သွားကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁-၂-၂၀၀၇ (ကြာသပတေး)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟဒယရွှင်လန်းအငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၁၆)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း-၃)

ကျိုက်သလ္လံစေတီတော်၌ စုပေါင်းရဟန်းခံရှင်ပြုမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကြီးကြပ်မှုဖြင့် ပထမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့)တွင် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ပထမအကြိမ်စုပေါင်းရှင်ပြုရဟန်းခံလိုသူများသည် တပေါင်းလပြည့်နေ့မတိုင်မီ ကျိုက်သလ္လံစေတီတော် မြတ်ကြီး၏ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဖုန်း-၀၅၇-၂၁၃၃၄ နှင့် ဘဏ္ဍာရေးမှူး ဖုန်း-၀၅၇- ၂၃၀၀၄ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်း မြို့နယ် သံ လွင် လမ်း အမှတ် ၅၉နေ ဘွား ပြည့် ၏ (၁၀၂)နှစ် ပြည့် မွေးနေ့အထိမ်း အမှတ် သုံးထပ် ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေ ကျပ် တစ် သိန်းကို နှင်းဆီ ကုန်း ဘိုးဘွား ရိပ်သာ ငွေ စာရင်းမှူး ဦးသန်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ခြင်းဖြင့် စီးပွားရေးကိုမြှင့်တင်ရမည် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော် အကျိုးစီးပွား ပြည့်မီအောင်ဆောင်ရွက် ဌာနအလိုက်ဝင်ငွေနှင့် အသုံးစရိတ်ချွေတာ

နေပြည်တော် ဇန်နဝါရီ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပို့ဆောင်ရေး ဝန်ကြီးဌာနရှိ ပြည်နယ်၊ တိုင်း အသီးသီးမှ ဌာနအလိုက် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများက ဒေသဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကျောင်းအုပ်ကြီးတို့က ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ဌာနအလိုက် ဝင်ငွေရရှိမှု၊ စက်သုံးဆီသုံးစွဲမှု၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ကုန်စည်ပို့ဆောင်မှု၊ ခရီးသည်ပို့ဆောင်မှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှု၊ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မည့်အခြေအနေ၊ ကြက်ဆူပင် စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သုံးသပ်တင်ပြ

ထို့နောက် စွမ်းအားပြည့် လုပ်ငန်းဆောင်ရွက်နိုင်ရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ခေါင်းဆောင် ဦးချိုသန်းမောင်က ဌာနအလိုက် ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လုပ်ငန်းဆိုင်ရာများကို သုံးသပ် တင်ပြသည်။

ယင်းနောက် e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးကြည်စိုးက e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ သုံးသပ်ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဥာဏ်ထွန်းအောင်က ဌာနအလိုက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းမှာကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဌာနအလိုက် ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်၊ စက်သုံးဆီ အလေအလွင့် မရှိအောင် သုံးစွဲကြရေး၊ ဌာနအလိုက် ဝင်ငွေနှင့် အသုံးစရိတ် ချွေတာရေး၊ "ပို့ဆောင်ခြင်းဖြင့် စီးပွားရေးကို မြှင့်တင်ရမည်" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အကျိုးစီးပွားရေး ပြည့်မီအောင် ဆောင်ရွက်ကြရေး၊ ခရီးသည်များ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်ရန် လိုသကဲ့သို့ တစ်ဖက်မှလည်း အသုံးစရိတ်များ စနစ်တကျ ခြိုးခြံချွေတာသုံးစွဲရေး၊ မိမိဌာနတစ်ခုတည်း တိုးတက်အောင်မြင်ရုံသာမက ဌာနအဖွဲ့အစည်းအားလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြရေးတို့ကို တိုက်တွန်းမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်　ဇန်နဝါရီ　၃၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ ယခင်ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ်၂၄–ဒီ ရှိဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း–၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိမ်း(ငြိမ်း) ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း–၃၇၉၆၄၇၊ ဦးထွန်းမြင့် ဖုန်း–၀၅၆–၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြရောဈေးသဘော် ရန်ကုန်မှထွက်ခွာ

ရန်ကုန်　ဇန်နဝါရီ　၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေး ဌာနခွဲက ပြေးဆွဲလျက်ရှိသည့် မြရော ရန်ကုန်–မန္တလေး ဈေးသဘော်သည် ခေါက်ရေ(၄) ခရီးစဉ်အဖြစ် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း အမှတ်(၆) ဇောတံတားမှ ထွက်ခွာသွားသည်။အဆိုပါဈေးသဘော်သည် နယ်ဆိပ်ကမ်းစဉ်တစ်လျှောက် ဆိုက်ကပ်၍ ရောင်းချသွားမည်ဖြစ်ပြီး ယင်းဈေးသဘော်၌ ဌာနပိုင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများတင်ဆောင်သွားကြောင်း သိရသည်။ **(သတင်းစဉ်)**

သူတော်ကောင်း ယောကျ်ားမြတ်တို့၏ လက္ခဏာ(၄)ပါး

၁။ သူတော်ကောင်းယောကျ်ားမြတ်သည် သူတစ်ပါး၏ ဂုဏ်မဲ့စကား မကောင်းကြောင်းကို မပြောတတ်၊ မကောင်းကြောင်းကို မေးပါလျှင်သော်မှ ထင်ထင်ရှားရှား မပြောတတ်ပေ။ သို့ရာတွင် ပြဿနာတစ်ခုကို အကြောင်းပြုပြီး မဖြစ်မနေမေးလာ၍ မပြောမဖြစ်သည့်အခါ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျယ်မဖွင့်ဘဲ ပြောဆိုတတ်သည်။

၂။ သူတစ်ပါး၏ ဂုဏ်ရှိသည့်စကားကို မမေးသော်လည်း မုဒိတာပွား၍ ထင်ရှားစွာပြောတတ်သည်။

၃။ မိမိအတွက်ကိုမူ ဂုဏ်တက်စကားပင်ဖြစ်စေ ကြွားဝါပြောဆိုခြင်းမရှိဘဲ အရှိကို အရှိအတိုင်း အနစ်နာခံ၍ ထင်ရှားအောင် ပြောဆိုတတ်သည်။

၄။ မိမိ၏ ဂုဏ်ကို မြင့်တက်စေရန်အတွက် သူတစ်ပါးကမေးလာသော်လည်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောဆိုခြင်းမျိုးမဟုတ်ဘဲ မထင်မရှားသာ ပြောကြားတတ်သည်။

ဤသို့အပြုအမူမျိုးဖြင့် ပြောဆိုနေထိုင်တတ်သူများကို လောကတွင် **သူတော်ကောင်းယောကျ်ားမြတ်** ဟု အသိအမှတ်ပြုကြပါသည်။ ။

(စတုကအင်္ဂုတ္တိုရ်၊ ဒုပဏ္ဏာသက)

(သာသနာရေး)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန်　ဇန်နဝါရီ　၃၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်၅ မေခလမ်းသစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာပဓာန နာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)သည် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရွာသာရွာ ရွာသာကျောင်းတွင် ဦးမြင့်အောင်ခိုင် – ဒေါ်စန်းစန်းအေး (ခိုင်သဇင် ဆံပင်ရောင်းဝယ်ရေး) မိသားစုက ဖေဖော်ဝါရီ၃ ရက်မှ ၉ ရက်အထိ ခုနစ်ရက်တိုင် ဓမ္မဒါနပြု၍ တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E. Mr. Cai Mingzhao ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော်　ဇန်နဝါရီ　၃၁

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ–တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဒုတိယညွှန်ကြားရေးမှူး(ဒုတိယဌာနကြီးမှူး) ဒုတိယဝန်ကြီးအဆင့်ရှိ H.E. Mr. Cai Mingzhao ခေါင်းဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)



ဇန်နဝါရီ ၂၇ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထက (၂)၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ပေးအပ်သော ကျောင်းအုပ်ချုပ်မှု စီမံထူးချွန်ဆုကို နာယက ဆရာကြီး ဦးမောင်မောင် (တိုင်းပညာရေးမှူး၊ ငြိမ်း)က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြို့အား ချီးမြှင့်စဉ်။ (က–ပ)

စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ရန်ကုန်　ဇန်နဝါရီ　၃၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်များအတွက် ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ (ငြိမ်း) က ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ နှောင်စစ်သည် ရေးသားသော **“သေတစ်နေ့ မွေးတစ်နေ့”** စာအုပ် အတွဲ(၁)နှင့်အတွဲ(၂) အုပ်ရေ ၂၀၀ ကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ရှမ်းကန်စားသောက်ဆိုင်၌ လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ စာအုပ်များကို ခရိုင်မြို့များနှင့် မြို့နယ်ပေါင်း ၂၀၀ ရှိ ပြန်ကြားရေးစာကြည့်တိုက်များသို့အများပြည်သူ လူထု အခမဲ့ဖတ်ရှုနိုင်ရန် ဖြန့်ဝေပေးပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု လူငယ်ထု ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၃၁

အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လူငယ်ထု ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်း အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူပြီးနောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုပြီးနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ကျင်းပ

ယင်းနောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများက သရုပ်ပြခတ်ကစားကြပြီးနောက် ယနေ့ပြိုင်ပွဲများအား ဆက်လက်ကျင်းပသွားသည်။

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ရက်အထိ အဆိုပါခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားပိုက်ကျော်ခြင်းအသင်း ၁၆သင်း ပါဝင် ယှဉ်ပြိုင်လျက်ရှိသည်။

(မြန်မာ့အလင်း)

ဂျပန်နိုင်ငံ မီရာဇာကီဒေသတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားသော ကြက်များအား မြေမြှုပ်နေကြသည်ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်အပေါ် အမေရိကန်တို့ တစ်ဖက်သတ်ဖိအားပေးနေ ဒေသအတွင်းငြိမ်းချမ်းရေး ကန်တို့ရည်မှန်းချက်မအောင်မြင်နိုင် အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ ပြောကြား

တီဟီရန် ဇန်နဝါရီ ၃၁

အမေရိကန်တို့၏ တစ်ဖက်သတ်အနိုင်ကျင့်ဖိအားပေးမှုအပေါ် ရုရှားနှင့်အီရန်တို့ ပူးပေါင်းတုံ့ပြန်ခဲ့မှုကြောင့် ထိရောက်သော အကျိုးသက်ရောက်မှုများရရှိခဲ့ကြောင်း အီရန်နိုင်ငံက ဇန်နဝါရီ ၂၈ရက်၌ ပြောကြားသည်ဟု ဖားစ်သတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ဖော်ပြသည်။

အီရန်နှင့် ရုရှားနှစ်နိုင်ငံတို့အကြား ပူးပေါင်းတုံ့ပြန်မှုကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့ ငြိမ်းချမ်းမိုးရေး ရည်မှန်းချက်အောင်မြင်မှုရရှိမည်မဟုတ်ကြောင်း အီရန်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အယာတိုလာစီယတ်အလီခါမေနီက အီရန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး အိုင်ဂေါ့အိုင်ဗင်နော့ဗ်နှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားလိုက်သည်။

ဆောင်ရွက်

အီရန်နှင့်ရုရှားနှစ်နိုင်ငံတို့ အနေဖြင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုများကို ကြိုဆိုကြောင်း၊ နှစ်နိုင်ငံအကြား အဆင့်မြင့်ဆက်ဆံရေးများ ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခါမေနီက ပြောကြားသည်။

ဆွေးနွေးမည်

အိုင်ဂေါ့အိုင်ဗင်နော့ဗ်သည် အီရန်နိုင်ငံသို့ ဇန်နဝါရီ ၂၈ရက်က ရောက်ရှိလာခြင်းဖြစ်ပြီး အီရန်သမ္မတထံ ရုရှားသမ္မတဗလာဒီမာပူတင်၏ စာချွန်လွှာကိုလည်း ပေးအပ်ခဲ့ပြီး အီရန်၏ နျူကလီးယားပြဿနာနှင့် ပတ်သက်၍လည်း ဆွေးနွေးမည်ဖြစ်သည်။ ထိုသို့ဆွေးနွေးမှုများ၏ပြင်ပ၌ မစ္စတာခါမေနီနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

အရေးကြီး

အီရန်နိုင်ငံ၏ နျူကလီးယား ပြဿနာဖြေရှင်းရေးအတွက် နည်းဗျူဟာအသစ်ထွက်ပေါ်လာရေး ဆောင်ရွက်ရန် အိုင်ဂေါ့အိုင်ဗင်နော့ဗ်၏ ခရီးစဉ်သည် အတိမ်းအစောင်းမခံသော အရေးကြီးသည့် ခရီးစဉ်ဖြစ်သည်ဟု သံတမန်များက သုံးသပ်လျက်ရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်ဝန်ကြီးချုပ်၏ ဂျပန်ခရီးစဉ် နှစ်နိုင်ငံဆက်ဆံရေး ဦးစားပေး ဆွေးနွေးမည်

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်အနေဖြင့် လာမည့်ဧပြီလတွင် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်သည့်အခါ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေရန် ဦးစားပေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း တရုတ်နှင့်ဂျပန်နိုင်ငံကိုယ်စားလှယ်များက ဇန်နဝါရီ ၂၇ ရက်က ပြောကြားခဲ့ကြသည်။

ဆက်ဆံရေးကောင်းမွန်

ဒေသအတွင်း စီးပွားရေးအင်အား တောင့်တင်းသည့် နှစ်နိုင်ငံအကြား သုံးရက်ကြာတွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီမှုရရှိခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုနှင့် ပတ်သက်၍ ယခုကဲ့သို့ ဆွေးနွေးသဘောတူညီခဲ့ကြခြင်းလည်းဖြစ်သည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းရေး မည်ကဲ့သို့ဆောင်ရွက်မည်ဆိုသည့်အချက်ပေါ် ပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာကျကျ ဆက်ဆံရေးထူထောင်ကြရန်ကိုလည်း ဆွေးနွေးခဲ့ကြသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားသည်ကို ဆင်ဟွာသတင်းဌာနမှ ဖော်ပြသည်။

ပြန်လည်နွေးထွေး

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက တရုတ်နိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ကြပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့သည်။ ယခုဆွေးနွေးပွဲကို တရုတ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဒေဘန်ဂူးနှင့် ဂျပန်နိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီး ရှိချီရိုယာချီတို့က နှစ်နိုင်ငံခေါင်းဆောင်များ ခရီးစဉ်နှင့်ဆက်ဆံရေးအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

တရုတ်နိုင်ငံမှ နွားပေါက်များ မလေးရှားသို့ တင်သွင်းမည်

ကွာလာလမ်ပူ ဇန်နဝါရီ ၃၁

မလေးရှားနိုင်ငံက ယင်း၏ အသားထုတ်လုပ်မှုကို မြှင့်တင်ရန် တရုတ်နိုင်ငံမှ နွားပေါက်များ မကြာမီ တင်သွင်းမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြသည်။

မလေးရှား စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း အခြေခံဝန်ကြီးဌာနသည် တရုတ်နိုင်ငံမှ ပေးပို့မည့် သဘောတူညီချက် တစ်ရပ်ရရှိထားကြောင်း၊ မကြာမီတင်သွင်းမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဂူတီဖလီအိုင်းဒရစ်က ပြောကြားသည်။

ထောက်ပံ့ပေး

ယင်းသဘောတူညီ ဆောင်ရွက်မှုသည် ဩစတြေးလျကဲ့သို့ မွေးမြူရေးလုပ်ငန်းအတွက် ကျွဲ၊ နွား၊ အရင်းမြစ်များမှ ဖြည့်စွမ်းထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ဇူကီဖလီက ပန်ဟမ်းပြည်နယ် ကွမ်တန်မြို့၌ သတင်းထောက်များအား ပြောကြားသည်။

နှိုင်းယှဉ်နိုင်

တရုတ်နိုင်ငံမှ နွားဝါများသည် ဈေးပေါပြီး အခြားသော နိုင်ငံများမှ တင်သွင်းသည့် နွားများနှင့်နှိုင်းယှဉ်နိုင်ကြောင်း သည်နယူးစထရိတ်တိုင်း(မ်)က ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမေရိကန်သံရုံးမှ အမျိုးသမီးနှစ်ဦး နိုင်ဂျီးရီးယားတွင် ပစ်သတ်ခံရ

နိုင်ရိုဘီ ဇန်နဝါရီ ၃၁

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော် အနောက်ပိုင်း ဆင်ခြေဖုံးတစ်နေရာတွင် အဝေးပြေးလမ်းမကြီးပေါ်၌ ဇန်နဝါရီ ၂၇ရက် နေ့ခင်းကြောင်တောင်တွင် မော်တော်ကားပြန်ပေးဆွဲမှုဖြစ်ပွားကာ အမေရိကန်သံရုံးမှ အမျိုးသမီးနှစ်ဦးကို ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့ကကြေညာသည်။

အတည်ပြု

သေနတ်ပစ်ခံရသူ အမျိုးသမီးနှစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးနေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ကအတည်ပြုပြောကြားသည်။

ပြန်ပေးဆွဲ

နိုင်ရိုဘီမြို့တော်၌ မော်တော်ကား ပြန်ပေးဆွဲမှုမှာ အဆန်းတကြယ် မဟုတ်သော်လည်း ညပိုင်းတွင်သာ ဖြစ်ပွားကြောင်း သိရသည်။

အမ်အင်န်အေ၊ ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အသက်အကြီးဆုံး ဘွားဘွား

ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး ဂျပန်အမျိုးသမီးကြီး တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ဖူကူချီမြို့တွင် နေထိုင်သော ယိုနီမီနာဂါဝါအမည်ရှိ ဂျပန်အမျိုးသမီးကြီးတစ်ဦးသည် ဇန်နဝါရီ ၄ ရက်က အသက် ၁၁၄ နှစ်ပြည့်ခဲ့ရာ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး ဘွားဘွားဖြစ်လာခဲ့သည်။ ကမ္ဘာ့အသက်အကြီးဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သူ အသက် ၁၁၄ နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသူ အမ်မာရပ်စ်တေးမန်းသည် ဇန်နဝါရီ ၂၈ ရက်က ကွယ်လွန်ခဲ့ပြီးနောက် ယိုနီမီနာဂါဝါမှာ အသက်အကြီးဆုံး ဘွားဘွား ဖြစ်လာခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နှင်းခဲများဖြင့် ပြုလုပ်ထားသည့် အပန်းဖြေအိမ်

နှင်းခဲများဖြင့် ပြုလုပ်ထားသော အပန်းဖြေအိမ်လေးများကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ချန်ဘေတောင်တန်းပေါ်တွင် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအတွက် ဆွဲဆောင်မှုတစ်ရပ်အဖြစ် ဆီးနှင်းရပ်တုပွဲတော်တွင် နှင်းခဲများဖြင့် ပြုလုပ်ထားသော အိမ်လေးများ တည်ဆောက်ပေးထားသည်။ ၎င်းအိမ်ကလေးများအတွင်း ကမ္ဘာလှည့် ခရီးသည်များ နားခိုနိုင်ကြောင်း သိရသည်။

(အင်တာနက်)

ယခင်က အအေးဆုံးဆောင်းရာသီအပူချိန် ၁၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိ ယခု ၁၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်မှာ ပုံမှန်ဆောင်းအအေးဓာတ်ဖြစ် နွေရာသီတွင်လည်း သာမန်နွေရာသီအနေအထားသာရှိနေမည် ကြိုတင်သတိပေးကိရိယာနှင့်ဆက်သွယ်ရေးစနစ်ရှိ၍အချိန်မီသတင်းထုတ်ပြန်နိုင်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

စစ်တွေဆိပ်ကမ်း၌ တပ်ဆင်ထားသော ပင်လယ်ရေမျက်နှာပြင်တိုင်းကိရိယာကို တွေ့ရစဉ်။

(ဓာတ်ပုံ-မိုး/ဇလ)

ရန်ကုန် ဇန်နဝါရီ ၃၁

မကြာမီရက်ပိုင်းအတွင်း ရန်ကုန်မြို့၏ ရာသီဥတုသည် အေးလိုက်၊ ပူလိုက် ဖြစ်နေသည်။ အေးသည့်ရက်များတွင် နံနက်ပိုင်း၌ အလွန်အေးကာ နေ့လယ်ပိုင်းတွင်မူ ချွေးတစ်ပြိုက်ပြိုက်ဖြစ်နေပြန်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတုအပြောင်းအလဲ မည်သို့ရှိနေသည်၊ ဆောင်းအကုန် နွေအကူးတွင် မည်သို့အခြေအနေရှိမည်ကို ပြည်သူများ သိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့်တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းခဲ့ပါသည်။

"ဒီဇင်ဘာလ စဝင်ကတည်းက အအေးပိုလာတယ်၊ ဒါက ပုံမှန်ထက် ၂ ဒီဂရီစင်တီဂရိတ်နဲ့ ၃ ဒီဂရီစင်တီဂရိတ်လောက် ပိုအေးတာပါ၊ အထူးသဖြင့် အအေးပိုခဲ့တဲ့ နေရာတွေက မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေဖြစ်ပြီး တချို့ဒေသတွေမှာ မနှစ်ကထက်ပိုအေးခဲ့ပါတယ်။ ဒါကလဲ ၂၀၀၆ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ အယ်လ်နီညိုကြောင့်ပါ"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ခန့်မှန်းချက်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆောင်းရာသီမဝင်မီကပင် ရန်ကုန်၌ ဆောင်းရာသီတွင် အပူချိန် ၁၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်သည်ဟု ခန့်မှန်းချက်ထုတ်ပြန်ခဲ့ရာ ယင်းခန့်မှန်းချက်မှန်ကန်နေမှုက မကြာမီက ရန်ကုန်မြို့အပူချိန်သည် ၁၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိခဲ့မှုက ပြသလျက်ရှိကြောင်းသိရသည်။

"၂၀၀၆ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ အယ်လ်နီညိုဟာ အင်အား အသင့်အတင့်သာရှိခဲ့လို့ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှု သိပ်မရှိခဲ့ပါဘူး၊ အယ်လ်နီညိုဟာ တောင်အမေရိက တိုက်ရှိ အီကွေဒေါနဲ့ ပီရူးနိုင်ငံတွေမှာ အများဆုံး ရိုက်ခတ်ခဲ့ပေမယ့် မြန်မာနိုင်ငံကို သိပ်မရိုက်ခတ်ခဲ့ပါဘူး၊ ဒါပေမယ့်အယ်လ်နီညို အားကောင်းရင်တော့ ရိုက်ခတ်နိုင်တာပေါ့၊ ဒါကြောင့်

"ပုံမှန်ဆောင်းနဲ့ နွေရာသီတွေ အနေအထားပဲ ဖြစ်မှာပါ"

ဦးထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ပုံမှန် ဆောင်းရာသီလို့တောင် ပြောလို့ရပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

အအေးဓာတ်

မြန်မာနိုင်ငံသမိုင်းတွင် အအေးဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည့်ဆောင်းရာသီအပူချိန်မှာ ၁၀ဒသမ၅ဒီဂရီစင်တီဂရိတ်ရှိခဲ့ရာ ယခု ၁၄ဒသမ၆ ဒီဂရီစင်တီဂရိတ်အပူချိန်မှာ ပုံမှန်ဆောင်းရာသီအအေးဓာတ်ဟု သတ်မှတ်၍ ရပေသည်။

နောက်ထပ် အအေးဓာတ်ပိုလာမည့်အချိန်ရှိမရှိနှင့်ပတ်သက်၍ ဦးထွန်းလွင်က "အခုဆိုရင် မြောက်အမေရိကတိုက်မှာ အအေးလှိုင်းတွေကျနေတယ်၊ အမြဲတမ်းလိုလို အပူချိန်မြင့်နေတတ်တဲ့ တက္ကဆက်ပြည်နယ်မှာ ရေခဲနေတယ်၊ ဒါကြောင့် အအေးလှိုင်းတွေက အမေရိကမှ ဥရောပ၊ ဥရောပမှ အာရှကို ရိုက်ခတ်လာနိုင်တော့ နောက်ထပ်တစ်ကြိမ်၊ နှစ်ကြိမ် အအေးပိုလာနိုင်ပါတယ်၊ ဆိုးဆိုးရွားရွားတော့ မဟုတ်ပါဘူး"ဟု ဖြေကြားသည်။

အယ်လ်နီညိုအကျိုးဆက်

အယ်လ်နီညိုရာသီဥတု၏သဘာဝမှာ ဒီဇင်ဘာ၌ အထွတ်အထိပ်အရောက်ဆုံးဖြစ်ရာ ယင်းအကျိုးဆက်ကို ထိုလ၌ခံစားရမြဲဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်၌ တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင်လည်း ပုံမှန် ဆောင်းရာသီပင် ဖြစ်လျက်ရှိသည်။

"အခုနှစ် နွေရာသီကတော့ စိတ်ဝင်စားဖို့ကောင်းတယ်။ ပညာရှင်တွေ တွက်ချက်ထားတာကတော့ ၂၀၀၇ခုနှစ် အယ်လ်နီညို ဖြစ်ပေါ်မှုဟာ သမိုင်းတစ်လျှောက်မှာ အားအကောင်းဆုံးဖြစ်လိမ့်မယ်လို့ ဆိုထားကြပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ ကတော့ အခုနှစ် နွေရာသီမှာ မြန်မာနိုင်ငံအလယ်ပိုင်းမှာ အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်နဲ့ ရန်ကုန်မြို့မှာ ၄၀ ဒီဂရီစင်တီဂရိတ်လောက်ပဲရှိမှာမို့ သာမန် နွေရာသီအနေအထားပဲရှိနေမှာပါ" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ခန့်မှန်းနိုင်မည်ဖြစ်

သို့သော် မတ်လနှင့် ဧပြီလများ၌ ရာသီဥတု သာမန်ထက် ပိုမို ပူပြင်းခြောက်သွေ့လျှင် ၂၀၀၇ ခုနှစ်၌ မိုးနည်းပြီး မိုးခေါင်နိုင်သော်လည်း ဇွန်လအထိ စောင့်ကြည့်ပြီးမှသာ ခန့်မှန်းနိုင်မည်ဖြစ်သည်ဟုလည်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။ သို့ရာတွင် လက်ရှိ ရာသီဥတု အခြေအနေအရ ဆောင်းအကုန် နွေအကူးနှင့် နွေရာသီကာလများတွင် သာမန်ရာသီဥတု အခြေအနေသာ ရှိမည်ဟု ၎င်းက ခန့်မှန်းပြောကြားသည်။

မြန်မာနိုင်ငံ ရာသီဥတုနှင့် ပတ်သက်ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် အကူအညီဖြင့် မိုးလေဝသ သတင်းအချက်အလက်ဖလှယ်ရေးနှင့် ခန့်မှန်းတွက်ချက်နိုင်ရေးတို့အတွက် ခေတ်မီ ဆက်သွယ်ရေးစနစ်များ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ တပ်ဆင်တော့မည်ဖြစ်သည်။ လောလောဆယ်တွင်လည်း မြန်မာ့ကမ်းရိုးတန်း၌ မုန်တိုင်းကျရောက်မှုကို ကြိုတင်သိရှိနိုင်မည့် ခေတ်မီ ရေဒါတစ်ခုကိုလည်း ကျောက်ဖြူမြို့၌ တပ်ဆင်ထားပြီးဖြစ်သလို ပင်လယ်ရေမျက်နှာပြင်တိုင်း ကိရိယာတစ်ခုကိုလည်း စစ်တွေဆိပ်ကမ်း၌ တပ်ဆင်ထားပြီးဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတုအနေအထားမှာ ဆိုးရွားစွာ မရှိနိုင်ကြောင်းနှင့် အချိန်မီ သတိပေးမှုကိရိယာများ၊ ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားပြီးဖြစ်၍ ပြည်သူများအား အချိန်မီသတင်းများထုတ်ပြန်နိုင်မည်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းစာတမ်းကို PACON Congress 2006 Yangon၌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဖတ်ကြားတင်ပြစဉ်။

(မိုး/ဇလ)

ကလေးငယ်များ သွားကျန်းမာရေးမကောင်းပါက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်နိုင်

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ကလေးငယ်များအား သွားမကောင်းသဖြင့် သွားအံကပ်များ အစားထိုး တပ်ဆင်ပေးခြင်းမှာ ရေရှည်တွင် ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ဖြစ်စေတတ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု လန်ဒန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

စိတ်ပိုင်းဆိုင်ရာထိခိုက်

ငယ်ရွယ်စဉ်ကတည်းက ဂရုတစိုက် မရှိခဲ့သဖြင့် သွားကျန်းမာရေးညံ့ခဲ့သော ကလေးငယ်များအနေဖြင့် သွားဘက်ဆိုင်ရာ ဆရာဝန်များ ကုသမှုဖြင့် သွားတုများနှင့် သွားအံကပ်များ အစားထိုးနိုင်ခဲ့သော်လည်း အသက်အရွယ်ရလာသည့်အခါ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများဖြစ်စေကြောင်း နှစ်ပေါင်း ၂၀ ခန့် သုတေသနပြုခဲ့ရာမှ တွေ့ရှိရခြင်းဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ဂရုတစိုက်

ကလေးငယ်များ သွားကျန်းမာရေး ကောင်းမွန်အောင် မိဘများက ဂရုတစိုက် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သွားများမကောင်းသဖြင့် အစားထိုး ကုသမှုခံယူရသော ကလေးများ၏ အနာဂတ်သည် အပြည့်အဝ ပျော်ရွှင်မှုနှင့် ကျန်းမာမှု ရရှိနိုင်မည်မဟုတ်ကြောင်းလည်း ၎င်းတို့က ထောက်ပြခဲ့ကြသည်။

ကုသခံယူ

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ကလေးငယ် ထောင်ပေါင်းများစွာမှာ သွားကျန်းမာရေး မကောင်းသဖြင့် သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ ကုသမှုခံယူနေကြရာ ၎င်းကလေးငယ်တို့၏ ဘဝအနာဂတ်၌ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ အနည်းနှင့်အများ ကြုံတွေ့ခံစား ကြရမည်ဖြစ်ကြောင်း သုတေသနအဖွဲ့ ခေါင်းဆောင် ဒေါက်တာဘီလ်ချောက ပြောကြားသည်။

(အင်တာနက်)

မြေနီကုန်းဓမ္မာရုံ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံ၌ သာသနာ ၂၅၀၀ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားကိုးကွယ်ခဲ့သော လောကဗေယျဆုတောင်းပြည့်စေတီတော် ရွှေရတုဓမ္မပူဇာ ပူဇော်ပွဲများကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၄ ရက်အထိ ညစဉ် ၇နာရီမှစ၍ ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

ဖေဖော်ဝါရီ ၃ ရက်တွင် အရှင်ကုသလ M.A (နာလန္ဒာတက္ကသိုလ်)၊ ၄ ရက်တွင် အရှင်သာဂရ(ရေစကြို)၊ ၅ ရက်တွင် အရှင်ပညာနန္ဒ (ဗဟုဇနဟိတရေ-မဟာစည်နယ်လှည့်)၊ ၆ ရက်တွင် အောင်ခြင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ ၇ ရက်တွင် (ရွှေပြည်ဟိန်း သီတဂူကြာတစ်ပွင့်) အရှင်ခေမာသိရီလင်္ကာရ၊ ၈ ရက်တွင် (သီတဂူကြယ်တစ်ပွင့်)အရှင်ပညာနန္ဒ၊ ၉ ရက်တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း)၊ ၁၀ ရက်တွင် အရှင်ဝီရိယဓမ္မဘေရီ(တောင်စွန်း)၊ ၁၁ ရက်တွင် အရှင်အာစာရလင်္ကာရ (ရွှေဟင်္သာစစ်ကိုင်း)၊ ၁၂ ရက်တွင် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ မဟာဌာနမှူး မဟာကမ္မဋ္ဌာနာစရိယ (ဗုဒ္ဓတက္ကသိုလ်)၊ ၁၃ ရက်တွင် ဓမ္မဒူတအရှင်ပညာဝရ(သိမ်ဇရပ်)၊ ၁၄ရက်တွင် ဓမ္မဒူတ အရှင်ကောသလ္လ(မုဒုံ)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာ အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (နိုင်ငံခြားရေး)

ဝန်ကြီး ဦးညဏ်ဝင်း သီရိလင်္ကာနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မန်ဂလာဆာမာရာဝီးရာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကိုလံဘိုမြို့သို့ရောက်ရှိစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုလံဘိုမြို့ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပြီး ၁၉၉၆ ခုနှစ်က ထူထောင်ထားခဲ့သည့် နှစ်နိုင်ငံပူးတွဲကော်မရှင်ကို စတင်အသက်သွင်းရေးအတွက် ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

တက်ရောက်

နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြီးနောက် နိုင်ငံခြားဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘိုမြို့ရှိ ဂါးလ်ဖေ့စ်ဟိုတယ်၌ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မန်ဂလာဆာမာရာဝီးရာက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းတွင် သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင် လိုက်ပါလျက် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ်မာနာရာကာအား ဝန်ကြီးချုပ်ရုံး၌ သွားရောက်ဂါရဝပြု တွေ့ဆုံခဲ့သည်။ ယင်းနေ့ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်က ကိုလံဘိုမြို့ ထရန်စ်အာရှဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဖူးမြော်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်တွင် သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင် လိုက်ပါလျက် ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာအား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကန္ဒီမြို့သို့သွားရောက်ပြီး ဗုဒ္ဓစွယ်တော်မြတ်ကို ဖူးမြော်ခဲ့ကြသည်။

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်တွင် ဒမ်ဘူလနှင့် အနုရာဓပူရမြို့များရှိ ဗုဒ္ဓစေတီပုထိုးများအား သွားရောက်ဖူးမြော်ခဲ့ကြသည်။

တွေ့ဆုံမှာကြား

ဝန်ကြီး ဦးညဏ်ဝင်းသည် ဇန်နဝါရီ ၂၈ ရက်တွင် ကိုလံဘိုမြို့ရှိ မြန်မာသံရုံးသို့သွားရောက်ပြီး မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်လင်း၊ ညွှန်ကြားရေးမှူး ဦးကျော်တင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းနှင့် ဌာနစုမှူး(၁) ဒေါ်ချိုချိုစိုးတို့လည်း နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော် စတုဒိသာနှမ်းမနဲလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၁၀)ကြိမ်မြောက် စတုဒိသာ နှမ်းမနဲ လှူဒါန်းပွဲကို ယနေ့ညနေ ၃ နာရီကစတင်ကာ စေတီတော်ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ နှမ်းမနဲအလှူရှင်များ၏ အလှူငွေဖြင့် သုံးရက် ကြိုတင်စီစဉ်ထားသော နှမ်းမနဲ လေးပြည်ဝင် ဒယ်ပေါင်း ၁၅၀ ကို အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူးပြည်သူများအား ည ၇ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျွေးမွေးလှူဒါန်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သာကေတမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ၇/အနောက်ရပ်ကွက် ဖိုနမာရ်အောင်စေတီတော် ပရဝဏ်အတွင်းရှိ ဝိမုတ္တိရသ ဓမ္မဗိမာန်၌ ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ကျင်းပရာ သဘာပတိအဖြစ် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ သာရဝေါ-စိုးကြည်ကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး မော်ဝန်း-ကြည်မြတ်တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုအမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို)၊ မြို့နယ် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် စာချစ်သူ ၅၀၀ ခန့် တက်ရောက်ကြသည်။ ဟောပြောပွဲမကျင်းပမီ စာပေအနုပညာရှင်များ၏ ဂီတကမ္ဘာ မြန်မာမှုတေးဂီတအဖွဲ့က စာပေသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အမှာစကား

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် သဘာပတိ သာရဝေါ-စိုးကြည်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)မှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို ဦးတိုး(တက္ကသိုလ်)က ဖတ်ကြားသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်အတွင်းမှ စာပေဆုရ ပုဂ္ဂိုလ်များဖြစ်ကြသော ဆရာကြီး ဆင်ဖြူကျွန်း-အောင်သိန်း၊ သာရဝေါ-စိုးကြည်၊ မော်ဝန်း-ကြည်မြတ်၊ မောင်မျိုးဆင့်(မြန်မာစာ)နှင့် ခိုင်ကျော်ထွေး (စစ်တွေ)တို့အား စာချစ်သူများက ထပ်ဆင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြသည်။ စာပေဟောပြောပွဲတွင် ဆရာ မင်းရိုးယဉ်၊ ဆရာမ ဒေါက်တာလမင်း(မဦး)၊ အမျိုးသားစာပေဆုရ ဆရာ မောင်ဆုရှင်နှင့် ဆရာမ ကြူကြူသင်းတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။

(က-ပ)

တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ ပြည်သူအများ သုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

၁။ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါဆေးဝါးများသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်၍ ပြည်သူအများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်—

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်ရာဌာန
၁	ကြောင်နက်အမှတ်တံဆိပ် အပူငြိမ်းအကြောဖြေအားတိုးဆေး	နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ။
၂	ဆရာခင်အမှတ်တံဆိပ် မဏိသုခအကိုက်အခဲပျောက်ဆေး	အစိုးရမီးသတ်အနီး၊ မြို့မကျောင်းကုန်းရပ်ကွက်၊ မြန်အောင်မြို့။
၃	ရွှေနဂါးအမှတ်တံဆိပ် အကိုက်အခဲပျောက်ဆေးကြီး	ရွှေနဂါးဆေးတိုက်ကြီး နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ။
၄	စိန်ကြည်အမှတ်တံဆိပ် အပူကျဖျားနာကိုက်ခဲပျောက်ဆေး	အိမ်ချွန်တောင်ဆေးတိုက်၊ အမှတ် ၄၇(က)၊ ၂၂ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
၅	ဦးခင်မောင်လွင်(ခ)ဦးခိုင်လွင်အမှတ်တံဆိပ် ဆေးခါးရည်	စိန်သရဖူဆေးတိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရေတွင်းလမ်း၊ စစ်တွေမြို့။
၆	အသည်းအားဆေး	အမှတ်(၃)၊ ဃ/၁၃၊ မင်းဝံရပ်ကွက်၊ စစ်တွေမြို့။
၇	ရေခဲမှိုအမှတ်တံဆိပ် အကြောဖြေဒဏ်ကြေလိမ်းဆေး	ဂျင်းဖောမောင်မယ်ဆေးတိုက်၊ မြစ်ကြီးနားမြို့။
၈	မေတ္တာမွန်အမှတ်တံဆိပ် ကိုယ်ပူ၊ အကြောတက်၊ အကိုက်အခဲ၊ လေးဖက်နာဆေး	နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ။
၉	ရတနာအမှတ်တံဆိပ် ချောင်းဆိုး၊ ရင်ကျပ်၊ ချွဲကျပ်၊ သလိပ်ကပ်၊ နှာမွန်ပျောက်ဆေး	နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ။
၁၀	ခြင်္သေ့မင်းအမှတ်တံဆိပ် အကိုက်အခဲပျောက်ဆေး	နေရပ်လိပ်စာဖော်ပြထားခြင်းမရှိပါ။

၂။ အများပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးဖြန့်ဖြူးသည့်လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများ ပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာ အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရ

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အတွင်း ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြကြောင်း သိရှိရသည်။

ဇန်နဝါရီ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကျောက်ကြီးမြို့နယ် ဖိုးသောင်းကျေးရွာအုပ်စု စောသန်းဝင်း ၃၅ နှစ်သည် တောထဲမှ ဝါးခုတ်ပြီးပြန်လာစဉ် မိချောင်းကျေးရွာအုပ်စုသို့ အရောက်၌ သောင်းကျန်းသူများထောင်ထားသော မိုင်းနင်းမိသဖြင့် ဘယ်ခြေ ပြတ်တောက်ဒဏ်ရာ ရရှိသွားခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီတွင် ကျောက်ကြီးမြို့နယ် မုန်းဒေသ ၅ ရပ်ကွက်နေ မောင်ချမ်းမြေ့ ၂၁ နှစ်သည် ကော့ပြင်းကျေးရွာအနီး တောင်ခါးပြတ်သစ်တော၌ ထင်းခုတ်နေစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲသဖြင့် ယာဘက်ခြေသလုံး ပွန်းပဲ့ဒဏ်ရာများ ရရှိသွားခဲ့သည်။

ကူညီပံ့ပိုး

မိုင်းထိဒဏ်ရာရရှိသူ စောသန်းဝင်းအား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ မောင်ချမ်းမြေ့အား မုန်းဒေသ ပြည်သူ့ဆေးရုံသို့လည်းကောင်း ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိပြီး လိုအပ်သည်များကို တာဝန်ရှိသူများက ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ပြည်သူလူထုအား ထိခိုက်ဒဏ်ရာရရှိစေရန် အများပြည်သူ သွား/လာ လှုပ်ရှားသောနေရာများတွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား တာဝန်ရှိသူများက ပြည်သူလူထုနှင့် ပူးပေါင်း၍ ဖမ်းဆီးအရေးယူနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တံတားဦးမြို့နယ် စကားအင်းကျေးရွာ ကွင်းအမှတ် (၁၄၂၀-ခ)တွင် ဆောင်းသီးနှံ ဂျုံ၊ နေကြာ သီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်း လမ်းပခုံးများပြုပြင် ပုစွန်ဆိပ်ချောင်းကူးတံတား ချဉ်းကပ်လမ်းတည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၃၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အထက်မြန်မာပြည်) ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူဟင်၊ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂ရက် နံနက် ၈နာရီက တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်း ချမ်းသာကုန်း-စကားအင်းလမ်းအပိုင်း မိုင်တိုင်အမှတ် (၃/၅)သို့ရောက်ရှိကြသည်။

တိုင်းမှူးသည် မိုင်တိုင်အမှတ် (၃/၅)၌ မိုးတွင်းကာလတွင် လမ်းများ ရေကျော်၍ လမ်းပခုံးများ ရေတိုက်စားပျက်စီးမှုအား ပြုပြင်မွမ်းမံမှုများကိုကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အထက်မြန်မာပြည်) ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူဟင်က လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက တာဝန်ရှိသူများအား လမ်းပခုံးများပြုပြင်ရာတွင် သတ်မှတ်ဝန်ခံနိုင်ရေးအတွက် အောက်ခံတွင်ကျောက်ကြီးများထည့်၍ မြေဖို့ရန်၊ လမ်းဘေးဝဲယာသစ်ပင်များ ထိခိုက်မှုမရှိစေရေးနှင့် ကားလမ်းနှင့်ယှဉ်၍ လှည်းလမ်းဖောက်လုပ်ပေးရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၄/၂)အနီးရှိ ပုစွန်ဆိပ်ချောင်းကူးတံတားသို့ရောက်ရှိပြီး တံတားချဉ်းကပ်လမ်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ချဉ်းကပ်လမ်းအား သတ်မှတ်ဝန်ခံနိုင်ရေးအတွက် အမာခံကျောက်များ အဆင့်လိုက်စံချိန်စံညွှန်းမီစွာ တည်ဆောက်သွားရန်နှင့် ကမ်းကပ်ခံ မြေထိန်းနံရံ (Wing Wall) များအား ခိုင်ခံ့စွာပြုလုပ်သွားရန် မှာကြားသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာအုပ်စု၊ စကားအင်းကျေးရွာ ကွင်းအမှတ် (၁၄၂၀-ခ)သို့ရောက်ရှိပြီး စိုက်ပျိုးမြေ ၇၁၈ဧကေ၌ ဂျုံဖြူ၊ဆင်းရွှေကြာမျိုး နေကြာသီးညှပ်စိုက်ခင်းနှင့် ဂျုံဖြူ V2မျိုး ကုလားပဲလုံးဖြူ သီးညှပ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်၊ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးချစ်ဆွေ၊ ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က လိုက်လံရှင်းလင်း ပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စကားအင်းအပိုင်းမှ နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာအထိ ခရိုင်ချင်းဆက် လမ်းအမှတ်(၁)တစ်လျှောက် မော်တော်ယာဉ်များဖြင့် သွားရောက်၍လမ်းဘေးဝဲယာ ဆောင်းသီးနှံများ စိုက်ပျိုးထားရှိမှု၊ လမ်းကြောင်းတစ်လျှောက် ကတ္တရာခင်းပြီးစီးမှု၊ ကျောက်ချောလမ်းများခင်းပြီးမှု၊ တံတားများတည်ဆောက်ပြီးစီးမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာ့သတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ပဉ္စမအကြိမ်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်(သောကြာနေ့) နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်များ လှိုင်နယ်မြေရှိ Myanmar Info-Tech ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာဝင်များ မပျက်မကွက် အစည်းအဝေး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၂)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇)ကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်မျက်အတွဲပေါင်း၃၀၈တွဲ၊ ကျောက်စိမ်းအတွဲ ပေါင်း၉၄၃တွဲတို့ကို Bargainစနစ် နှင့် Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို ယမန်နေ့မှ ဖေဖော်ဝါရီ ၁ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ၅နာရီအထိ ရတနာကုန်သည်များ ကြည့်ရှုစစ်ဆေးရန် ပြသထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ၂ရက် နံနက်၉နာရီတွင် Bargain စနစ်နှင့် Auction စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည်၃၉၁ဦးနှင့် ပြည်ပရတနာကုန်သည်၁၆၂ဦးတို့ လာရောက်၍ ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများအား ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၈ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရရှိသူ မမြတ်ယွန်းဗိုလ်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန် ပညာရေးတက္ကသိုလ် (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန် ပညာရေးတက္ကသိုလ် (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပသည်။

မေတ္တာပို့

ရှေးဦးစွာ ကွယ်လွန်ပြီးသော ကျေးဇူးရှင်မြတ်ဆရာတို့အား တပည့်များက ငြိမ်သက်စွာ အာရုံပြု၍မေတ္တာပို့ အမျှဝေကြသည်။

အမှာစကား

ထို့နောက် ရန်ကုန် ပညာရေး တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြတ်ဆရာပူဇော်ပွဲ ကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမြင့်က မြတ်ဆရာပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ ကျောင်းသူဟောင်း ဒေါ်နန်းသန်းထွေးတို့၏မြတ်ဆရာပူဇော်ပွဲအတွက် လှူဒါန်းငွေကျပ် ၇၁ သိန်း တစ်သောင်းနှင့် မြတ်ဆရာများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လှူဒါန်းငွေကျပ် သိန်း ၆၀ တို့ကို အလှူရှင်များ ကိုယ်စား ဦးစိုင်းလုံးကျောက်က ပေးအပ်ရာ မြတ်ဆရာပူဇော်ပွဲကော်မတီဥက္ကဋ္ဌဦးအုန်းမြင့်နှင့် အတွင်းရေးမှူး ဦးရှိန်းလိန်းအောင်တို့က လက်ခံကြသည်။

ဆက်လက်၍ တပည့်များက ပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး ကန်တော့ကြသည်။

သြဝါဒစကား

ထို့နောက် ပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးချို၊ ဆရာမကြီး ဒေါ်နုနုရီနှင့် ဒေါ်ခင်ခင်စောတို့က သြဝါဒစကားပြောကြားကြသည်။

မြတ်ဆရာ ပူဇော်ပွဲမကျင်းပမီ နံနက်၅နာရီတွင်ကွယ်လွန်လေပြီးသော မြတ်ဆရာတို့အား ရည်စူး၍ သံဃာတော်အရှင်သူမြတ်တို့အား အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၇ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၏ကြီးကြပ်မှုဖြင့် ကျိုက္ကဆံလမ်းမပေါ်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး နုတ်ချောင်း ချောင်းအတွင်း အမှိုက်များ၊ နုန်းများ ကင်းစင်စေရန်အတွက် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ပရိယတ္တိ ငွေရတုအထိမ်းအမှတ် ရာမညနိကာယစာဖြေပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိစာမေးပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ မော်လမြိုင်မြို့ စစ်ကဲကုန်း ရပ်ကွက်ရှိ သာသနာ (၂၅၀၀) သာသနာ့ဗိမာန်တော်၌ ပရိယတ္တိစာမေးပွဲငွေရတုအထိမ်းအမှတ် ရာမညနိကာယစာဖြေပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ မူလတန်း၊ အငယ်တန်း၊ ဓမ္မာစရိယတန်းတို့၌ စာဖြေသံဃာတော်အပါး ၁၁၀၀ကျော် ဝင်ရောက် ဖြေဆိုကြမည် ဖြစ်သည်။

အလားတူ ငွေရတုအထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း ၁၀၀၀ ကျော် အကုန်ကျခံ တည်ဆောက်ပြီးစီးခဲ့သည့် ရာမညနှစ်ထပ်ဓမ္မဗိမာန်ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေစက်ချမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ကော့ဘိန်းကျေးရွာ မဟာဝိဟာရပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တဝိသာရဒအား ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၁ ရက် က တောင်ဥက္ကလာပမြို့နယ် အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်း ၏ ၂၀၀၅ - ၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမတွင်ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ကောင်းစည်သူအား ကျောင်းအုပ်ဆရာကြီး ဦးထန်ဆွင်းဒါလ်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၂၀၀)

● **ရှေ့ဖုံးမှ**

ရေရှည်အသုံးပြုနိုင်ရန် တိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က အမြဲမပြတ်ကြပ်မတ်စစ်ဆေးကြရန်နှင့် ယိုယွင်းပျက်စီးမှုရှိပါကလည်း အမြန်ဆုံး အစားထိုးပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးကို မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားပေါ်မှနေ၍ ချောင်းတွင်းသဲသောင်ပြင်များတွင် စိုက်ပျိုးထားရှိသော ကြက်သွန်စိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာ-ဆားလင်းကြီး-ယင်းမာပင်-ပုလဲ ကားလမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲ/ယာ၌ ဒေသခံတောင်သူများ၏ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် ကုလားပဲစိုက်ခင်းများနှင့် နေကြာစိုက်ခင်းများကိုလည်းကောင်း၊ ဖိုလ်ဝင်တောင်နှင့် အင်ကြင်းတောင် သဘာဝဘေးမဲ့တောများ၏ အခြေအနေကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး မုံရွာခရိုင် ပုလဲမြို့နယ် နွယ်အင်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူဆောင်ရွက်သည့် လှိုင်းချောင်း ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ညှိနှိုင်းစီမံ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးဇော်တာက လှိုင်းချောင်းရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်ရန်ကျန်ရှိသော လက်တံတူးမြောင်း တည်ဆောက်ရေးဆိုင်ရာများနှင့် ယခုနှစ်တွင် တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလှောင်တမံပြီးစီးသော်လည်း ရေပေးမြောင်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လှိုင်းချောင်းရေလှောင်တမံစီမံကိန်းနှင့် ပုလဲမြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိသော မြောက်ယမား ရေကူရေလှောင်တမံစီမံကိန်းနှင့် လုပ်ငန်းခွင်ချင်းဆက်သွယ်သည့် ပုလဲမြို့နယ်အတွင်းရှိ နွယ်အင်း၊ ချင်ပြစ်၊ ဖလဲပင်၊ မင်းတိုင်ပင်ကျေးရွာများအတွက် ကျေးရွာချင်းဆက်လမ်း ပေါ်ထွန်းလာမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မတမံတည်ဆောက်ထားရှိမှုနှင့် တမံအတွင်း ရေဝင်ရောက်မှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လှိုင်းချောင်းရေလှောင်တမံသည် ပုံတောင်ပုံညာဒေသမှ စီးဆင်းလာသော လှိုင်းချောင်းအားပိတ်၍ ပုလဲ၊ ယင်းမာပင်ဒေသနေ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တမံအမြင့် ၇၃ ပေ ၊ ပင်မတမံ အလျားပေ ၄၅၀၀ နှင့် ကုန်းကြောတမံ ပေ ၇၅၀ ရှိပြီး ကန်ရေပြည့်ဧကပေ ၅၃၇၀ ရေသိုလှောင်နိုင်သည်။ တမံမှာ လုံးဝပြီးစီးပြီဖြစ်ပြီး တမံနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ပင်မရေပေးမြောင်း ခုနစ်မိုင်တွင် တစ်မိုင်ဖောက်လုပ်ပြီးစီးနေပြီး လက်တံမြောင်း ခုနစ်မြောင်း ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိလျက်ရှိသည်။ ရေဝင်ရောက်မှုအနေဖြင့် ယခုနှစ်တွင် ၃၅၁ ဧကပေ ရေဝင်ရောက်ခဲ့ပြီး လာမည့် စိုက်ပျိုးရာသီတွင် စိုက်ပျိုးမြေဧက ၁၀၀၀ အတွက် စိုက်ပျိုးရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုလဲမြို့နယ် အိုင်းမကျေးရွာ အရှေ့တောင်ဘက် နှစ်မိုင်အကွာ၌ တည်ဆောက်နေသည့် မြောက်ယမားရေကူရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းခွင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါ ရေကူရေလှောင်တမံမှ ရေအားလျှပ်စစ် ကီလိုဝပ် ၅၀၀ ထုတ်လုပ်ရန် ၁၉ လက်မရှိ သံမဏိပိုက်လိုင်းများ တပ်ဆင်တည်ဆောက်နေမှုနှင့် ရေထိန်းမျှော်စင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးဇော်တာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသ၌ လိုအပ်နေသော စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားတို့ကို ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်သွားကြရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေသယံဇာတ၊ မြေသယံဇာတကို အကျိုးရှိရှိ ဖော်ထုတ်အသုံးပြုနိုင်ရန် တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုလဲမြို့သို့ရောက်ရှိကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်၌ လူသုံးကုန်ပစ္စည်းများ ဖြန့်ချိရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူအားပေးကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိကြပြီး မုံရွာ၊ ကလေး၊ ပုလဲမြို့နယ်များနှင့် ကဘော်ဒေသတို့မှ တိုင်းရင်းသူ ၅၀ တို့၏ အိမ်တွင်းမှုလုပ်ငန်း စက်ချုပ်ပညာ သင်ယူနေမှုကို ကြည့်ရှု အားပေးစကားပြောကြား၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထောက်ပံ့ငွေများကိုပေးအပ်ရာ ကျောင်းအုပ် ဒေါ်ကြည်ကြည်မွန်က လက်ခံသည်။

ကြည့်ရှုအားပေး

ယင်းနောက် သင်တန်းသူများ၏ ဇာထိုး၊ ပန်းထိုးလက်ရာ အဝတ်အထည်များကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယင်းမာပင်မြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ရေလျှံတွင်းနှင့် ၉၉ ကန် စီမံကိန်းအခြေစိုက်စခန်းသို့ ရောက်ရှိကြပြီး ရေလျှံတွင်းမှ ရေထွက်ရှိမှုအခြေအနေကို ကြည့်ရှုကြသည်။

ထပ်မံတူးဖော်

ယင်းနောက် ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းက ရေလျှံတွင်းများ၏ ရေထွက်နှုန်း၊ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် ရေထွက်နည်းသွားသော ရေလျှံတွင်းများကို အစားထိုးနိုင်ရန် ရေလှောင်ကန် ရှစ်ကန်နှင့် ရေလျှံတွင်း ၂၆ တွင်း ထပ်မံတူးဖော်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလျှံတွင်းမှ ထွက်ရှိသော ရေများကို စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရန် ဆောင်ရွက်သွားရေး မှာကြား၍ စီမံကိန်းဝင်းအတွင်း ကုလားပဲနှင့် ဂျုံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေဖြန့်ဝေမှုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလျှံတွင်းအမှတ် R-1 နှင့် ရေလှောင်ကန်တို့သို့ သွားရောက်၍ ရေလျှံတွင်းလေးတွင်းမှ ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေဖြန့်ဝေမှု၊ ကုလားပဲ၊ နေကြာနှင့် စပါးစိုက်ခင်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမာပင်မြို့နယ်ရှိ အဆိုပါရေလှောင်ကန်နှင့် ရေလျှံတွင်း ၉၉ တွင်းတို့မှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ၅၁၄၅ ဧကနှင့် နွေစပါးဧက ၆၅၀ တို့ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရှိရသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး အမျိုးသမီး သင်တန်းသူများ၏ စက်ချုပ်ပညာ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထောက်ပံ့ငွေများကို သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မြမြအေးထံ ပေးအပ်ကာ သင်တန်းသူများ ရက်လုပ်ထားသော ဇာထိုး၊ ပန်းထိုးလက်ရာ နမူနာများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါသင်တန်းကျောင်းခန်းမ၌ ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိ ရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မြို့နယ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက မြို့နယ်တစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ပခုက္ကူမှ မုံရွာအထိ ကတ္တရာလမ်း၊ မုံရွာ-ယာကြီး-ကလေးဝ ကတ္တရာလမ်းတို့အပြင် ကလေး-ဂန့်ဂေါ-ကျော-ရေမျက်နီ-ပခုက္ကူ ရထားလမ်းကိုလည်း ပုံညာတောင်ဥမင်ကိုဖြတ်၍ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း ပုလဲ၊ ယင်းမာပင်နှင့် ဆားလင်းကြီးဒေသနေ ပြည်သူများနှင့် ပုံတောင်ပုံညာဒေသနေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးတို့သည် တစ်နေ့တခြား တိုးတက်လာလျက်ရှိကြောင်း၊ ရရှိပြီးသော ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ပို၍ပို၍ တိုးတက်မြင့်မားလာစေရန် ဖောက်လုပ်ပြီးသွားသော လမ်းများ၊ ဆည်မြောင်းတာတမံများ၊ တံတားကြီးများ ရေရှည်ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

စိုက်ပျိုးရေးကဏ္ဍတွင် စပါး၊ ပဲ၊ ဂျုံ၊ နေကြာနှင့် စက်မှုကုန်ကြမ်းသီးနှံဝါကို နိုင်ငံတော်က မျှော်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်နှင့်အညီ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ယင်းမာပင်မြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး ညောင်ပင်ကြီးဆိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်ကိုဖြတ်ကူး၍ မုံရွာမြို့သို့ရောက်ရှိကြပြီး ကမ်းနားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် မုံရွာမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အမှတ် ၁၉(ဂျီ) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်နေ ဦးတင်လှနှင့် အဂ္ဂမဟာသီရိသုဓမ္မသီဂီ(လူမှုထူးချွန် ဒုတိယဆင့်) ဒေါ်အေးအေးကြည်တို့က မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ဒီဇင်ဘာ ၂၉ ရက်က ငွေပဒေသာပင် ငွေကျပ် တစ်သိန်းလှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးကျော် လက်ခံယူစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်ထွန်းက တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ အဋ္ဌမဆုရ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ရိုန်လင်းဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁-၂-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၃၀	၇။	အကပဒေသာ
၈:၂၀	၈။	ယာကြီးရေထိန်းတမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ပထဝီဝင်အထူးပြု) [ပထဝီဝင်]
၁၇:၀၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၅	၆။	**"အားဆေး"** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၂၀	၇။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၃၀	၈။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် ဩဝါဒ ပါတိမောက်အခါတော်နေ့ တရားတော်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သီရိဂေဟာ
၁၉:၀၀	၁၂။	Discovery
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၈)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၈)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

တိုက်ဂါး-မြန်မာအပျော်တမ်းတံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်ဂေါက်ကလပ်၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur 2007) ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန် ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းအဆင့် အကျောပေး (Amateur Handicap 0-12) အထိ ရှိသူများသာ ပါဝင် ယှဉ်ပြိုင်နိုင်သည်။ အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၇၂၃၂၂၁ နှင့် ၅၄၂၉၈၉ တို့သို့ အမည်စာရင်း ပေးသွင်းနိုင်သည်။

ထိုက်ထိုက်တန်တန်

၂၀၀၇ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်၍ Co-Sponsors များအဖြစ် Alpine Purified Drinking Water, Srixon, Point Golf Gear Factory, Air Mandalay နှင့် Accel International Co., Ltd. (CANON)တို့က အသီးသီးပါဝင်ကူညီကြပြီး ၂၀၀၇ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေး စုပေါင်းဆောင်ရွက်မှုနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆိပ်ကြီးခနောင်တို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မိုးက ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည် သာယာလှပစေရေးတို့အတွက် လုပ်ကွက်ခြောက်ကွက်ခွဲကာ သန့်ရှင်းရေးဆောင်ရွက်မှုနှင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်စီမံရေးရာဌာနကြီးမှူးဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံဥပစာ၌ ကျင်းပသော ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ဆေးရုံဝင်းအတွင်း လူမှုရေးအသင်း အဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

လှူဒါန်းရခြင်း

ထို့နောက် ဆေးပဒေသာပင် လှူဒါန်းပွဲကို အဆိုပါ ဆေးရုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်စီမံရေးရာဌာနကြီးမှူးဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆေးပဒေသာပင် ငွေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆေးပဒေသာပင် စိုက်ထူရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကိုယ်စား ပဲခူးတိုင်း ဒေသ စည်းရုံးရေးမှူး ဒေါ်ဝေဝေသင်းနှင့် အဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်တို့က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်မိသားစုတို့က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ (ငြိမ်း)–ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)နှင့် သားသမီးမြေးတို့က ငွေကျပ်တစ်သိန်း၊ ဦးဉာဏ်ဝင်း–ဒေါ်အေးအေးမာ (ရေယာဉ်ပိုင်ရှင်) တို့က ငွေကျပ်သိန်း ၂၀၊ ဦးကြူးခင် (ရေယာဉ်ပိုင်ရှင်)က ငွေကျပ်ငါးသိန်း၊ ဦးဝင်းကျော်(မွေးမြူ ရေး လုပ်ငန်းရှင်၊ တွံတေးမြို့နယ်)၊ ဒေါ်ကျင်စိန်(ကော့မှူးမြို့နယ်)၊ ဦးစိုးဝင်း (ကွမ်းခြံကုန်းမြို့)နှင့် ငါးဒိုင်လုပ်ငန်းရှင်များအဖွဲ့(ဒလမြို့နယ်) တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးဖိုးပြည့်–ဒေါ်အေးကြည် (ခနောင်တိုအရှေ့)၊ ဦးစိန်လွင်–ဒေါ်ဖြူဖြူခိုင်(သန်လျင်မြို့)၊ ဦးလှသိန်း (ကျောက်တန်းမြို့)၊ ဦးကျင်သောင်း (သုံးခွမြို့)၊ ဦးခင်မောင်ရင် (သုံးခွမြို့)၊ ဒေါ်လှလှ(ခရမ်းမြို့)၊ ဒေါ်မြကြူ (ဆိပ်ကြီးအရှေ့ရပ်ကွက်)၊ ဒေါ်နွဲ့နွဲ့ရီ (ဆိပ်ကြီးအရှေ့ရပ်ကွက်)၊ ဦးဝင်းမြင့်–ဒေါ်မြင့်မြင့်သန်း (မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)နှင့် ဦးခင်မောင်အေး–ဒေါ်စန်းစန်းမြင့် (ဆိပ်ကြီးခနောင်တို) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စုစုပေါင်းငွေကျပ် ၅၁ သိန်းကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်ယဉ်မိုးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကျေးဇူးတင်စကားပြော

ထို့နောက် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးက မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် ငွေလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေးချမ်းအောင်မြင်စေတီ ပန္နက်တော်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ် အနောက်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်အတွင်း ဉာဏ်တော် ၂၇ တောင်အမြင့်ရှိ လိုဏ်ဂူအောက်ခံဖြင့် စာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တ ဇနပတိ(ဓမ္မာစရိယ)က ကြီးမှူး၍ အများပြည်သူ ကောင်းမှုဖြင့် တည်ထားကိုးကွယ်မည့် အေးချမ်းအောင်မြင်စေတီတော်ကြီး ပန္နက်တော်တင်မင်္ဂလာနှင့်အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားတို့ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် မပျက်မကွက် တက်ရောက်ကြရန် အကြောင်းကြားထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မဟာဝိဇယစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲနှင့် နှမ်းမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် မဟာဝိဇယစေတီတော် အရှေ့ဘက်မုခ်ရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ဖွင့်လှစ်ပေးပြီး နှမ်းမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်၊စေတီတော်ဂေါပက အဖွဲ့ခေါင်းဆောင် ဦးဘုန်းကျော်နှင့် ဂေါပကအဖွဲ့ဝင် ဦးမြင့်ဆွေတို့က ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ညို

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ဧည့်ပရိသတ်များသည် မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းတော်ကြီးတင်လှူရန်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ ဧည့်သည်တော်များသည် စေတီတော်တောင်ဘက်မုခ်၌ကျင်းပသည့် နှမ်းမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် (ဖေဖော်ဝါရီ၁၁ရက်)တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ကြွရောက် ဆုချီးမြှင့်ခံယူကြရန် သက်ဆိုင်ရာက ကြေညာထားသည်။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုကြသော အလှူရှင်များသည် ပဓာနနာယက ဆရာတော် ဦးဓမ္မတိက္ခ မဟာသာသနဝေပုလ္လကျောင်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း– ၃၈၀၈၆၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီ သဇင်မြိုင်လမ်း အမှတ် ၅နေ ဦးမောင်မောင်အုန်းသော်–ဒေါ်နွယ်နွယ်ယဉ် သမီး ချမ်းမြေ့မေသော် မိသားစုတို့က ဖခင်ဦးသော်အား ရည်စူး၍ သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ အထက(၁)(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် စန္ဒိမာကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၎င်းကျောင်းသည် ဆရာတော် ဦးစန္ဒိမာတည်ထောင်ခဲ့သည်မှာ နှစ်(၆၀) ပြည့်နှစ်ဖြစ်၍ အသက် ၇၅ နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများအား အသက်၆၀ပြည့် ကျောင်းသားကျောင်းသူဟောင်းများက ထူးခြားစွာ တက်ရောက် ကန်တော့ကြမည်ဖြစ်ပြီး အသက် ၇၅ နှစ်နှင့် အထက် ၁၈ ဦး၊ ဆရာ ဆရာမ ၁၄၆ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ **(၄၂၁)**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)(၁၀၁)နှစ်မြောက်မွေးနေ့ (၆–၂–၂၀၀၇)ရက်နေ့မှ(၁၀–၂–၂၀၀၇)အထိ ကျင်းပမည်။

မူးယစ်ကင်းစင် အလှဆင်

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၂၁ ရက်က ဗိုလ်စိန်မှန် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်နယ်လှည့်စာ ကြည့်တိုက်၊ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ရုံးဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အလှူငွေထည့်ဝင်လိုသည့် ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း–၅၀၁၅၄၇၊ မကက်သလင်းသိန်း ဖုန်း–၀၉–၅၀၁၅၁၇၅၊ မအေးမွန်(ခ)Alice ဖုန်း–၀၉–၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း–၀၉–၅၁၀၃၇၂၅၊ ၂၂၂၉၂၃၊ ကိုအုန်းဝမ် ဖုန်း–၅၂၆၁၇၃၊ ၅၂၆၀၉၆၊ ကိုအာသာ ဖုန်း–၂၀၂၀၄၆၊ ကိုထွန်းလင်း ဖုန်း–၀၉–၅၁၃၄၅၂၅၊ ၂၂၆၄၃၁၊ ကိုဇော်ဝင်း ဖုန်း–၀၉–၅၁၂၈၈၅၉၊ ၆၆၇၇၉၀နှင့် ကိုအောင်နိုင်မိုး ဖုန်း–၀၉–၅၀၂၀၄၇၈၊ ၅၄၉၆၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံ ညစာစားပွဲကို ကန်တော်ကြီးဥယျာဉ် Dolphin စားသောက်ဆိုင်၌ ဖေဖော်ဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အလှူငွေပေးအပ်လှူဒါန်း

တောင်ဥက္ကလာပမြို့နယ် အထက(၂)သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ရက်က ကျောင်းခန်းမတွင် ကျင်းပရာ အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း (မန်နေဂျင်းဒါရိုက်တာ ဓနအောင်ကုမ္ပဏီ)နှင့်ဇနီး သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)တို့က ကျောင်းဘက် စုံဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၂၄ သိန်းနှင့် ဆေးတက္ကသိုလ်ကျောင်းသူ သုံးဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၈ သိန်း စုစုပေါင်း ကျပ် ၄၂ သိန်းကို ကျောင်းအုပ်ဆရာကြီး ဒေါ်စံစံထံ ပေးအပ်လှူဒါန်းစဉ်။

(၁၉၂)

ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒို့ထက်တောင်ပိုသေး

မောင်ကာဠု

(အဘိုး) – ဟဲ့ … မောင်ကာဠု မင်းမပေါ်လာတာကြာပြီ၊ ဘယ်ပျောက်နေသလဲ၊ ဒို့တိုင်းပြည် ငြိမ်းငြိမ်းချမ်းချမ်း၊ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ အားလုံး စိတ်ချမ်းသာနေရတဲ့အချိန်မျိုးမှာ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ ချစ်ချစ်ခင်ခင် ဆက်ဆံပြီး အာဆီယံလုပ်ငန်းစဉ်တွေ တက်ကြွအောင်မြင်စွာ ဆောင်ရွက်နေချိန်မှာမှ ဒို့နိုင်ငံဟာ ဒေသတွင်းနဲ့ နိုင်ငံတကာ လုံခြုံရေးကို ထိခိုက်ပျက်ပြားစေနိုင်တယ်ဆိုပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ တင်ပြအရေးယူဖို့ အမေရိကန်နဲ့ ဗြိတိန်တို့ ပူးပေါင်းပြီး လုပ်ဆောင်တဲ့ကိစ္စ၊ ဒို့တစ်နိုင်ငံလုံး မခံမရပ်နိုင်ဖြစ်နေကြချိန်မှာ မင်းက ဘယ်ချောင်မှာ သွားအိပ်နေတာလဲ။

(မောင်ကာဠု) – အဘိုးဆီကိုသာ ကျွန်တော်မရောက်ဖြစ်တာပါ၊ နေ့စဉ်၊ ညစဉ်သတင်းတွေ၊ သတင်းစာတွေ၊ ဆောင်းပါးတွေမှာ NGO အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့တွေက မခံမရပ်နိုင်ဖြစ်ပြီး အမေရိကန်နဲ့ ဗြိတိန်လုပ်ရပ်ကို ရှုတ်ချကြေညာနေတာတွေကို ထိုင်ကြည့်၊ ထိုင်ဖတ်နေတာ အဘိုးရဲ့၊ အမေရိကန်ဟာ မြန်မာ့ပြည်တွင်းရေးတစ်လျှောက်လုံး ဝင်စွက်တဲ့နိုင်ငံ၊ တရုတ်ဖြူတပ်ပြေးတွေ မြန်မာနိုင်ငံကို ကျူးကျော်ခဲ့တာ အမေရိကန်လက်ချက်ဆိုတာ ကျွန်တော်တို့ မမေ့ကြသေးပါဘူး။

(အဘိုး) – အဲဒီတရုတ်ဖြူတပ်ပြေးတွေဆိုတာ ဟိုတုန်းကတရုတ်ပြည်မှာ အမေရိကန်၊ ဗြိတိန်တို့ကို နောက်ခံပြုနေခဲ့ရတဲ့ ချန်ကေရှိတ်ရဲ့ တရုတ်အမျိုးသားအစိုးရ၊ ကူမင်တန် KMT လို့ ခေါ်ကြတယ်၊ မော်စီတုံးဦးဆောင်တဲ့ တရုတ်တော်လှန်ရေးသမားတွေက ချန်ကေရှိတ်ကို တိုက်ထုတ်လိုက်တော့ ချန်ကေရှိတ်နဲ့ နောက်လိုက်တွေဟာ ဖော်မိုဆာကျွန်းကို ထွက်ပြေးရတယ်၊ အဲ့ဒီမှာ အမေရိကန် CIA ထောက်လှမ်းရေးအဖွဲ့က တရုတ်ဖြူတပ်တချို့ကို ရှမ်းပြည်နယ် အရှေ့ပိုင်းကို ကျူးကျော်ဝင်ရောက် တပ်စွဲစေခဲ့တယ်။

(မောင်ကာဠု) – ဟုတ်တယ်ခင်ဗျာ့၊ ကျိုင်းတုံ၊တာချီလိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပါလျှို့ဒေသတွေမှာ တပ်စွဲပြီး တရုတ်ပြည်မကြီးကို ဝင်တိုက်ဖို့ တရုတ်ပြည်မကြီးရဲ့ သတင်းထောက်လှမ်းဖို့၊ တရုတ်ပြည်တွင်းရေးကိုဝင်စွက်ဖို့ CIA က ယူနန်ပြည်နယ်နဲ့ နီးနီးကပ်ကပ် ရှမ်းပြည်နယ်ထဲ အခြေချခိုင်းခဲ့ပြီး ရိက္ခာ၊ လက်နက်၊ ငွေကြေး၊ ကုန်တင်ကားနဲ့ စစ်ကားမကျန် လိုသမျှထောက်ပံ့ခဲ့တယ်။

(အဘိုး) – အဲ့ဒီတရုတ်ဖြူတွေဟာ တရုတ်ပြည်မကြီးကို ဝင်တိုက်နှောင့်ယှက်ရုံ၊ ဖြစ်နိုင်ရင် တရုတ်ပြည်မကြီးကို ပြန်သိမ်းရုံမကဘူး၊ ဒို့နိုင်ငံကိုလဲ အခွင့်သာရင် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး တရုတ်ဖြူအခြေခံစခန်း အဲ … တရုတ်ဖြူနိုင်ငံလုပ်ဖို့အထိ သံလွင်မြစ် အနောက်ဘက်ကမ်းကိုတောင် ကျော်ပြီး ထိပါးလာတယ်။ ဒီတော့ တပ်မတော်က တိုက်ရပြီပေါ့ကွာ၊ ပြည်သူတွေကလဲ မြို့တိုင်း၊ နယ်တိုင်းမှာ အမေရိကန်နယ်ချဲ့နဲ့ နောက်လိုက် တရုတ်ဖြူတို့ရဲ့ ကျူးကျော်မှုကို ဆန့်ကျင်ရှုတ်ချ၊ ကန့်ကွက်တဲ့ လူထုအစည်းအဝေးတွေ ကျင်းပခဲ့ကြတယ်။ ပြည်သူ့လွှတ်တော်က စည်းဝေးဆုံးဖြတ်ပြီး ကုလသမဂ္ဂကို တင်ပြတိုင်တန်းခဲ့ရတယ်။ တပ်မတော်က တရုတ်ဖြူကိုတိုက်နေတာ ဆက်မတိုက်ဖို့ အမေရိကန် စစ်မစ်ရှင်တစ်ဖွဲ့က ရန်ကုန်လာပြီး တားသေးတယ်။ မြန်မာနိုင်ငံက သူတို့မေတ္တာရပ်ခံချက်ဆိုတဲ့ စွက်ဖက်ဟန့်တားချက်ကို လက်မခံဘဲ အဲဒီစစ်မစ်ရှင်ကို မောင်းထုတ်ခဲ့တယ်။

(မောင်ကာဠု) – အဲဒီတုန်းက ရထားတွေကိုမိုင်းခွဲ၊ ကျောင်းပိတ်လို့ ရထားနဲ့ နေရပ်ပြန်တဲ့ တက္ကသိုလ်ကျောင်းသူလေးတွေကို သောင်းကျန်းသူတွေက ဖမ်းခေါ်သွားပြီး တရုတ်ဖြူတွေဆီမှာ လက်နက်နဲ့ သွားလဲခဲ့တယ်လေ၊ အဲဒီလိုလုပ်တာ KMDO တွေပေါ့၊ တက္ကသိုလ်ကျောင်းသူလေးတွေကို တရုတ်ဖြူတွေက အဓမ္မပြုကျင့်ပြီး သိမ်းပိုက်ခဲ့ကြတယ်။

(အဘိုး) – တရုတ်ဖြူတွေကို အမေရိကန်က ငွေကြေးထောက်ပံ့မှုလျှော့ချဖို့ဘာလုပ်ခဲ့သလဲ မင်းသိလား၊ မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံနယ်စပ် ရွှေတြိဂံဒေသမှာ ဘိန်းတွေ တွင်တွင်စိုက်ခိုင်း၊ ဘိန်းဖြူချက်တတ်အောင်သင်ပေး၊ လိုအပ်တဲ့ဆက်စပ်ပစ္စည်းတွေ ထောက်ပံ့ခဲ့တယ်။ ရွှေတြိဂံမှာ ဘိန်းသံသရာလည်လာတာဟာ မူလက ဗြိတိသျှနယ်ချဲ့တို့ ဘိန်းစိုက်၊ ဘိန်းကုန်ကူး၊ စီးပွားရှာ၊ လူမျိုးအညွန့်တုံးအောင် စတင်ဖန်တီးခဲ့တဲ့ ဓာတ်ကွက်ထဲကို အမေရိကန်က တရုတ်ဖြူတွေ အသုံးချပြီး ရိုးရိုးဘိန်းကို ဘိန်းဖြူဖြစ်အောင် ဓာတ်သွင်းပေးခဲ့တယ်၊ ဘိန်းဖြူတစ်ရွေးသားရဲ့ မူးယစ်စေတဲ့ အာနိသင်ဟာ ဘိန်းစိမ်းရွှေးစေ့တစ်ရာနဲ့အတူတူပဲ၊ CIA နဲ့ တရုတ်ဖြူတို့ရဲ့ မာဖီးယားလုပ်ရပ်တွေကြောင့် ရွှေတြိဂံမှာ ဘိန်းသံသရာလည်နေခဲ့ရတာ၊ အခုတော့ ဘိန်းတရုတ်ဖြူတွေ၊ ဘိန်းသောင်းကျန်းသူ ရွက်ဆစ်တို့လို SSA-S တွေကို ဒို့နိုင်ငံက တိုက်ထုတ်ပြီး ဘိန်းသံသရာပြတ်အောင်လုပ်နေရတာပေါ့၊ ခုဆိုရင် ရှမ်းပြည်နယ် (အရှေ့ပိုင်းနဲ့ အရှေ့မြောက်ပိုင်း)က မိုင်းလားဒေသ၊ ‘ဝ’ဒေသ၊ ကိုးကန့်ဒေသတို့ဟာ ဘိန်းကင်းစင်တဲ့ ဒေသတွေဖြစ်လာပြီ။

(မောင်ကာဠု) – ဘိန်းဓာတ်သိမ်းအောင် ကြိုးပမ်းနေတုန်း စိတ်ကြွရူးသွပ်ဆေးပြား ဓာတ်လမ်းသစ်တွေကို ရွှေတြိဂံသုံးနိုင်ငံနယ်စပ်တွေမှာ ထပ်မံဖန်တီးခဲ့တာလဲ CIA ပါပဲ၊ အဲဒီ စိတ်ကြွရူးသွပ်ဆေး ဖော်စပ်ရာမှာ သုံးရတဲ့ အက်ဖီဒရင်းတို့၊ ကဖင်းတို့လို ဓာတုဆေးဝါးတွေဟာ မြန်မာနိုင်ငံမှာ မထွက်ဘူး၊ ပြည်ပကလဲ တရားဝင်မတင်သွင်းဘူး မဟုတ်လား အဘိုး။

(အဘိုး) – မှန်တယ်၊ ဘိန်းစားဓာတ်၊ ဘိန်းဖြူဓာတ်၊ စိတ်ကြွဆေးပြားသုံးစွဲတဲ့ဓာတ်က သူတို့ပစ်မှတ်နိုင်ငံတွေက လူငယ် လူရွယ်တွေ ပျက်စီးအောင် နယ်ချဲ့လက်ဟောင်း၊ လက်သစ်တွေ တမင် ဖန်တီးခဲ့တာပဲ၊ ဒါမှ မျိုးချစ်စိတ်ဓာတ်၊ ဓာတိသွေး၊ ဓာတိမာန်နဲ့ ကြံ့ခိုင်သန်စွမ်း ဖျတ်လတ်တက်ကြွပြီး ကိုယ့်နိုင်ငံကိုယ်ကာကွယ်မယ့် မျိုးဆက်တွေမရှိတော့မှာပေါ့၊ ဒါ့ကြောင့် တရုတ်နဲ့ ဗြိတိန်တို့ ဘိန်းစစ်ပွဲ ဖြစ်ပွားခဲ့ရတယ်၊ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေက ကုလသမဂ္ဂတို့လို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပေါင်းပြီး မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်နေကြရတာပေါ့။

(မောင်ကာဠု) – စကားပြတ်သွားလို့၊ တရုတ်ဖြူကိစ္စ ဆက်ပါဦး အဘိုး။

(အဘိုး) – ကုလသမဂ္ဂမှာ တရုတ်ဖြူကျူးကျော်မှုကိစ္စကို မြန်မာအစိုးရက တင်ပြတိုင်တန်းခဲ့တယ်လေ၊ နောက်ဆုံးတော့ တရုတ်ဖြူတပ်တွေ မြန်မာ့မြေပေါ်က ထွက်ပေးဖို့ ဆုံးဖြတ်ပေးခဲ့ရတယ်။ အဲဒီမှာလဲ ကလိမ်ကကျစ်တွေပါလာတယ်၊ မြန်မာကိုယ်စားလှယ်တွေ၊ မြန်မာစာနယ်ဇင်းတွေကို အဝင်မခံဘဲ တစ်ဖက်နိုင်ငံလေဆိပ်တစ်ခုက တရုတ်ဖြူယူနီဖောင်းဝတ်တွေ လေယာဉ်ပေါ်တင်ပြီး တရုတ်(တိုင်ပေ)ကို သယ်ထုတ်သွားတယ်၊ အဲဒီလို လေယာဉ်နဲ့ အသုတ်လိုက် ထွက်သွားတာမှာ တရုတ်ဖြူက နည်းနည်းလေးပဲပါတယ်၊ ဒို့နိုင်ငံထဲက တိုင်းရင်းသားတွေကို လှည့်ဖြား၊ လှည့်စားပြီး တရုတ်ဖြူယူနီဖောင်းဝတ်ခိုင်းပြီး ထုတ်သွားခဲ့တယ်။ ဒီနေ့အထိ အဲ့ဒီ ဒို့တိုင်းရင်းသားတွေ အဲ့ဒီမှာရှိနေလေရဲ့။

(မောင်ကာဠု) – တရုတ်ဖြူကိစ္စကတော့ အမေရိကန်ရဲ့ ဓာတ်ညွှန်းအတိုင်းပါပဲ၊ အဘိုးပြောသလို မြန်မာနိုင်ငံကလူတွေကို တရုတ်ဖြူယူနီဖောင်းဝတ်ခိုင်းပြီး လှည့်ထုတ်သွားတယ်ဆိုတော့ တကယ့်တရုတ်ဖြူတွေ တော်တော်များများ ကျန်ခဲ့မှာပေါ့နော်။

(အဘိုး) – သူတို့ အနောက်စာနယ်ဇင်းသမားတွေရေးတဲ့ သတင်းတွေ၊ ဆောင်းပါးတွေ၊ စာအုပ်တွေမှာ အပ်ကြောင်းထပ်အောင် ပါနေတာပဲကွာ၊ တရုတ်ဖြူတွေက ဘိန်းလုပ်ငန်း၊ သောင်းကျန်းမှုလုပ်ငန်း ဆက်လုပ်နေရစ်ခဲ့တာပေါ့။ တပ်မတော်က အဆက်မပြတ် တိုက်ထုတ်ခဲ့ရတာပဲ၊ တစ်ဖက်နိုင်ငံရဲ့ တောင်ကုန်းပေါ်မှာ တရုတ်ဖြူရွာ ၂၀ လောက်ရှိပြီး မူးယစ်ဆေးဝါးလုပ်ငန်းတွေ ဆက်လုပ်နေတုန်းတဲ့ကွယ့်။

(မောင်ကာဠု) – နောက်ပိုင်းမှာလဲ မြန်မာ့ပြည်တွင်းရေးကို အမေရိကန်နဲ့ ဗြိတိန်တို့ ဆက်လက်ဝင်ရှုပ်နေခဲ့တာကြာပါပြီ အဘိုးရယ်၊ သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ၊ ဆူပူရေးသမားတွေ၊ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်သူတွေ၊ ပြည်ထောင်စု ပြိုကွဲအောင် လုပ်သူတွေကို ဆက်တိုက် ကူညီပံ့ပိုးပြီး သူတို့ရဲ့ နယ်ချဲ့လုပ်ရပ်တွေမှာ အသုံးချခဲ့တာတွေ ဒိုကာချဲ့လို့ မဆုံးနိုင်တော့ပါဘူး အဘိုးရယ်။

(အဘိုး) – ဒါကြောင့် ဒို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာကို အကြောင်းပြချက် အလိမ်အညာတွေကြံဖန်ပြပြီး စွက်ဖက်ခြေရှုပ်နေတဲ့ အမေရိကန်၊ ဒို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများစွာကို ကျူးကျော်ကျွန်ပြုပြီး နှစ်တစ်ရာမက သွေးစုပ်ခြယ်လှယ်ပြီးမှ ဆူဆူဖြိုးဖြိုးဖြစ်လာရတဲ့ ဗြိတိန်တို့က ဒို့နိုင်ငံကို ဒီမိုကရေစီရေးအကြောင်းပြ၊ လုံခြုံရေးအကြောင်းပြ၊ လူ့အခွင့်အရေးအကြောင်းပြပြီး ဟိုစွပ်စွဲ၊ ဒီစွပ်စွဲလုပ်နေတာဟာ “ဘွန္တော ကြက်သူခိုး” လုပ်ရပ်ပဲကွယ့်။

(မောင်ကာဠု) – ဘွန္တော ကြက်သူခိုး လုပ်ရပ်ဆိုတာက ဘယ်လိုဟာမျိုးလဲ အဘိုးရဲ့။

(အဘိုး) – မောင်ကာဠုကလဲ အ,ရန်ကောကွာ၊ ရပ်ထဲရွာထဲမှာ မနက်အရုဏ်မတက်မီ ဆွမ်းထချက်ကြဖို့ ကြေးစည် တစ်လုံးနဲ့ နှိုးဆော်တဲ့ နိဗ္ဗာန်ဆော်အဖွဲ့တွေ ရှိကြတယ်။ အမှန်တကယ်လည်း ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့ဟာ အရုဏ်ဆွမ်းလောင်းလှူနိုင်ဖို့ အချိန်မီ ဆွမ်းထချက်ကြဖို့ စေတနာကောင်းနဲ့ နှိုးဆော် ကြတာပဲကွယ့်။ အဲဒီအဖွဲ့တွေက ရွတ်ဖတ်စရာရှိတဲ့ ဂါထာတွေ၊ ဘုရားစာတွေ ရွတ်ပြီး နောက်ဆုံး သံပြိုင်ဆိုကြပုံကတော့ “ဘွန္တော သပ္ပုရိသ အပေါင်း…… သူတော်ကောင်းတို့ ဆွမ်းချက်ရန် ထတော်မူကြပါ”ဆိုပြီး ဆိုကြတယ်၊ ကြေးစည်တီးကြတယ်။ အဲဒီလုပ်ရပ်ကို တလွဲအသုံးချတဲ့ အကျင့်ပျက် တချို့က အရုဏ်မတက်ခင် သူများအိမ်ကကြက်တွေ လည်ခိုးပြီး ချက်စားကြဖို့လုပ်ရာမှာ အိမ်ရှင်(ကြက်ရှင်)တွေက မရိပ်မိအောင် နိဗ္ဗာန်ဆော်ဟန်ဆောင်ပြီး ဘွန္တောခံပြီးရွတ်ကြတယ်။ အဲဒီအချိန်မှာ….. သူတို့နောက်ကို ကြက်တွေပါသွားပြီပေါ့ကွာ၊ အခုလဲ နိုင်ငံတကာကို ကျူးကျော်တိုက်ခိုက်ပြီး ပြည်သူတွေကို ဖုံးကွဲသတ်၊ အိုးအိမ်တွေမီးလောင်ပြာကျစေပြီး အဲဒီနိုင်ငံကို သိမ်းပိုက်ခြယ်လှယ်၊ သယံဇာတတွေ၊ ထွက်ကုန်တွေ အကုန်သယ်ထုတ်၊ အဲဒီနိုင်ငံသားတွေကို ကျွန်သပေါက်ဘဝပို့၊ အဲဒီ ကျူးကျော်ခံနိုင်ငံသားတွေရဲ့ လွတ်လပ်ခွင့်ဆိုတဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုကို ဖျက်ဆီး၊ ဒီမိုကရေစီနည်းကျ အခြေခံလူ့အခွင့်အရေးဖြစ်တဲ့ ပြည်သူတွေရဲ့ ဘဝတိုးတက်အောင် လုပ်ဆောင်ခွင့်ဆိုတဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ဖယ်ရှားပစ်ပြီးမှ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ လွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးဆိုတဲ့ ကြွေးကြော်သံတွေ မမှန်မကန်ကြွေးကြော်ပြီး နိုင်ငံတကာကို နှောင့်ယှက်ဖျက်ဆီး အမြတ်ထုတ်နေတာဟာ ဘွန္တောကြက်သူခိုး လုပ်ရပ်နဲ့ မတူနေဘူးလားကွာ၊ စကားလုံးလှလှတွေ ဟန်ပြသုံးပြီးမှ နိုင်ငံများစွာရဲ့ သယံဇာတတွေ လုယက်နေကြတာကြောင့် နိုင်ငံများစွာဟာ ဒုက္ခပင်လယ်ဝေနေကြရပြီ။ ဒို့နိုင်ငံကတော့ ဘွန္တောလို့ ရွတ်ပြရုံ၊ ဒီမိုကရေစီလို့ ရွတ်ပြရုံနဲ့ ဒို့အိမ်က ကြက်ခိုးမယ့်ကောင်တွေလား၊ ဒို့ပြည်တွင်းရေးဝင်စွက်ဖက်မယ့် လူတွေလား ဆိုတာကို သတိရှိရှိစောင့်ကြည့်နေကြရမှာကွ။

(မောင်ကာဠု) – အဘိုးပြောမှ ရှင်းတော့တယ်၊ ဒါ့ကြောင့်လဲ ဇန်နဝါရီလ ၁၁ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမေရိကန်နဲ့ ဗြိတိန်တို့ ပူးပေါင်းတင်သွင်းတဲ့ မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖိအားပေးအရေးယူပေးပါဆိုတဲ့အဆိုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့က ဗီတိုအာဏာကိုယ်စီသုံးပြီး Double Veto နဲ့ ပယ်ချလိုက်တာပဲကိုး၊ တောင်အာဖရိကနိုင်ငံကလဲ အဲဒီအမေရိကန်အဆိုကို ကန့်ကွက်တယ်၊ အင်ဒိုနီးရှား၊ ကာတာ၊ ကွန်ဂိုနိုင်ငံတို့က ကြားနေပေးခဲ့ကြတယ်။

(အဘိုး) – ဒီလို မတော်မတရား စွက်ဖက်ဒုက္ခပေးလိုတဲ့ အမေရိကန်ရဲ့ လုပ်ရပ်ဟာ ကမ္ဘာ့နိုင်ငံရေးနယ်ပယ်မှာတော့ တကယ့်ဒုစရိုက်မှုကြီးတစ်ခုမှန်း အားလုံးသိသွားကြပြီပေါ့၊ မြန်မာ NGO အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့တွေကလည်း နေ့စဉ်နဲ့အမျှ အမေရိကန်နဲ့ဗြိတိန်တို့ရဲ့လုပ်ရပ်ဆိုးကို ပြစ်တင်ရှုတ်ချပြီး အမှန်တရားဘက်က ရပ်တည်ထောက်ခံခဲ့တဲ့ နိုင်ငံတွေကို ကျေးဇူးတင်ကြောင်း ဖော်ပြနေကြတာပေါ့ကွယ်။

(မောင်ကာဠု) – ၂၀၀၆ခုနှစ် စက်တင်ဘာလတုန်းက အမေရိကန်ကပဲ လုံခြုံရေးကောင်စီ အစီအစဉ်မှာ မြန်မာ့အရေး ထည့်သွင်းဆွေးနွေးဖို့ အဆိုတင်ခဲ့တယ်နော်၊ မြန်မာနိုင်ငံရဲ့ အခြေအနေတွေဟာ ဒေသတွင်းနဲ့ နိုင်ငံတကာရဲ့ လုံခြုံရေး၊ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတယ်လို့ အမေရိကန်ရဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးက အားမနာလျှာမကျိုး ပြောဆိုစွပ်စွဲခဲ့တယ်နော်။ ပြည်ထောင်စုတစ်ဝန်းက တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံတက်ရောက်ကြတဲ့ ကျင်းပဆဲ အမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ် ၁၀၈၁ ဦးက အမေရိကန်ရဲ့ အဲဒီမသမာတဲ့လုပ်ရပ်ကို ရှုတ်ချကန့်ကွက်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတယ်။ အထူးစုံညီ အစည်းအဝေးကြီးတစ်ရပ်ကျင်းပဖို့ ဆိုင်ရာကို ခွင့်တောင်းပြီး ကိုယ်စားလှယ်တွေက ကျင်းပခဲ့ကြတာပဲ။

(အဘိုး) – အေးကွ၊ အခု ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ဗီတိုနှစ်လုံးနဲ့ ဆုံးဖြတ်မဲခွဲပယ်ချခံခဲ့ရတဲ့ အမေရိကန်ရဲ့အဆိုကို NLD က ထောက်ခံကြောင်း ကြေညာချက်ထုတ်သတဲ့ကွယ်၊ အဲဒီလို ပြည်သူ့အကျိုးကို မျက်ကွယ်ပြုပြီး ပြည်သူလူထု ဆန့်ကျင်ရေး လုပ်ရပ်(Anti-Mass)ဟာ ဒို့ပြည်သူတွေရဲ့ ဒေါသကို ဂရုမစိုက်ဘူး။ အနောက်ကကျေနပ်ရင်တော်ပြီ၊ ပြည်ပရောက်ပြည်ပြေးတွေအားရှိရင်တော်ပြီဆိုတဲ့ သဘောကို ဆောင်နေတာပေါ့။

(မောင်ကာဠု) – မြန်မာနိုင်ငံမှာ ဟိုတုန်းက နိုင်ငံရေးသမားတွေဟာ ကိုယ်ယုံကြည်ရာ ဝါဒကိုစွဲပြီး ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲတွေ ကြီးမားခဲ့ကြလို့ အချင်းချင်းတိုက်ခဲ့ကြတယ်။ ဒါပေမယ့် အဲဒီတုန်းက နိုင်ငံရေးသမားများဟာ နိုင်ငံရေးသမား ပီသကြသေးတယ်။ နိုင်ငံရေးသမားအများစုဟာ ပြည်ပကို သစ္စာမခံကြဘူး၊ အဲ–ပြည်ပကဝင်လာတဲ့ နိုင်ငံရေးဝါဒအချို့ကိုစွဲခဲ့ကြတာ၊ အဲဒီလိုစွဲခဲ့တဲ့ အစွဲကြီးတာတော့ ပြောစရာရှိတာပေါ့ အဘိုးရယ်၊ နိုင်ငံရေးဆိုတာ နိုင်ငံရဲ့ အရေး၊ နိုင်ငံသားတွေရဲ့အရေး၊ နိုင်ငံအကျိုး၊ နိုင်ငံသား ပြည်သူတွေရဲ့အကျိုးကိုတော့ ရှေးရှုမျှော်ခေါ်လုပ်ရတာပါ၊ ဟိုတုန်းက နိုင်ငံရေးသမားအများစုဟာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ သက်စွန့်ကြိုးပမ်း ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။ ဒီကနေ့တော့ နိုင်ငံပိုမိုဆင်းရဲအောင် ပြည်ပက ပိတ်ဆို့ပါတော့လား၊ အကူအညီဖြတ်တောက်ပါတော့လား၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ ဆောင်းပါးမှ

ဝင်ရောက်စွက်ဖက်ပါတော့လားလို့ ပြည်ပကို အားကိုးတကြီး အော်ဟစ်တောင်းဆိုနေကြတာတွေ့ရတယ်၊ ပြည်ပအားကိုး သက်သက်တွေပေါ့နော် အဘိုး။

(အဘိုး) – မှန်တယ်၊ သူတို့အားကိုးတဲ့ ပြည်ပနိုင်ငံဆိုတာတွေကလဲ နယ်ချဲ့လက်ဟောင်းဝါရင့် ဥရောပနယ်ချဲ့နိုင်ငံတွေ၊ ဒီကနေ့တစ်ကမ္ဘာလုံးကို မွေနှောက်ခြေရှုပ်စွက်ဖက်ကျူးကျော်နေတဲ့ အမေရိကန်တို့ပဲ ဖြစ်နေတယ်၊ နယ်ချဲ့ကိုဖိတ်စာကမ်း၊ သူခိုး ဓားရိုးကမ်းပြီး မိမိတို့ဝေစုအဖြစ် အာဏာရလေမလားလို့ ကြံရွယ်ကြတာပေါ့၊ ဒါက ပြည်သူ့အားကိုမယုံ၊ ပြည်သူ့ဆန္ဒ မဲကိုရဖို့ မသေချာတော့တာ သိနေကြလို့ပေါ့၊ အဲဒီလို ပြည်သူနဲ့ ကင်းကွာသွားရတာကလဲ သူတို့က ပြည်သူ့အကျိုးစီးပွားမှန်သမျှကိုလိုက်ပြီး ဖျက်လိုဖျက်ဆီး လုပ်နေကြလို့ပေါ့၊ တိုင်းဆူ ပြည်ဖျက်လုပ်ဖို့ပဲ လှုပ်ရှားနေကြလို့ပေါ့ကွယ်။

(မောင်ကာဠု) – ပြည်ပအားကိုးတာ လုံးဝမမှန်ဘူး အဘိုးရဲ့၊ ဒီကနေ့လို နယ်ချဲ့လက်ဟောင်း၊ လက်သစ်တွေ ခေါင်းထောင်ထလာနေတဲ့အချိန်မျိုးမှာ အဲဒီ ပြည်ပဆိုတဲ့ နယ်ချဲ့နိုင်ငံတွေကို အားကိုးတာလောက် မိုက်မဲတာ ဘယ်မှာရှိတော့မလဲ၊ အနောက်သံရုံးတွေ၊ အနောက်မီဒီယာတွေနဲ့ နေ့စဉ်ဆက်သွယ်ပြီး အတိုင်အဖောက် လုပ်နေကြလေ၊ မြန်မာပြည်သူတွေက အဲဒီလူတွေဟာ အမျိုးသားရေးဝါဒီတွေ မဟုတ်ဘူး၊ အမေကျော် ဒွေးတော်ကိုလွမ်းနေသူတွေမှန်း၊ နယ်ချဲ့နောက်လိုက် လက်ပါးစေ ပုဆိန်ရိုးတွေမှန်း သိနေကြပြီပေါ့။

(အဘိုး) – အေး–တလောက နိုဘယ်လ်ဆုတွေအကြောင်း ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်။ မဟတ္တမဂန္ဒီကြီးလိုငြိမ်းချမ်းရေးနည်းနဲ့ အိန္ဒိယလွတ်လပ်ရေး ကြိုးပမ်းခဲ့သူကို နိုဘယ်လ်ဆုပေးဖို့ အကြိမ်ကြိမ် ငြင်းဆန်ပယ်ချပြီး နိုင်ငံများစွာမှ အနောက်က အသုံးချလိုသူတွေကိုရွေးပြီး နိုဘယ်လ်ဆုပေးခဲ့တဲ့ အကြောင်းတွေ မင်းလည်း ဖတ်လိုက်ရမှာပေါ့။

(မောင်ကာဠု) – ဖတ်လိုက်ရတယ် အဘိုး။

(အဘိုး) – အဲဒီလို နိုဘယ်လ်ဆုရအောင် CIA က ဝင်ရောက်စွက်ဖက်ခဲ့ပြီး သူတို့ အသုံးချမယ့်လူတွေကို နိုဘယ်လ်ဆုရစေခဲ့ရာမှာ အဲဒီလူတွေဟာ အခု နောက်ဆုံးဇာတ်ပေါင်းတော့ ဘာဖြစ်သွားသလဲ၊ မင်းသတိထားမိရဲ့လား။

(မောင်ကာဠု) – ပြောပြပါဦး အဘိုး။

(အဘိုး) – အေး–ပြောပြမယ်၊ ပိုလန်ကိုဖြိုချဖို့ ဆူပူရေးခေါင်းဆောင် သင်္ဘောကျင်းအင်ဂျင်နီယာ လက်ဝါလက်ဆာမာဒီ ကနေ့ ရာထူးကပြုတ်ကျသွားပြီးလေ၊ ဆိုဗီယက်သမ္မတ ဂေါ်ဗာချော့ဗ် နိုဘယ်လ်ဆု ရပြီးတဲ့နောက်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားခဲ့တယ်၊ သူလဲရာထူးပြုတ်ပြီး နိုင်ငံရေးနာလန်မထူတော့ဘူး၊ ဆိုဗီယက်ခေတ် စာပေနိုဘယ်လ်ဆုရ အလက်ဇန္ဒာဆိုဇင်နစ်ဆင်ဟာ ပြည်တော်ပြန်မလှဘဲ CIA ကြေးစားဘဝနဲ့ ဇာတ်မြုပ်သွားပြီလေ။ ၁၉၉၃ ခုနှစ်မှာ ပါလက်စတိုင်း–အစ္စရေးငြိမ်းချမ်းရေး သဘောတူညီချက်မှာ အမေရိကန်သမ္မတ ကလင်တန်အလိုကျ လက်မှတ်ရေးထိုးခဲ့တဲ့ ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်ဟာ နောက်ပိုင်း အမေရိကန်ရဲ့ ရန်လုပ်တာခံရပြီး ပြင်သစ်ဆေးရုံတစ်ရုံမှာ ကွယ်လွန်ခဲ့တယ်၊ ဘာကြောင့် သေရတယ်ဆိုတဲ့ ဆေးမှတ်တမ်းတောင် မရှိခဲ့ဘူး၊ အစ္စရေးဘက်မှ လက်မှတ်ထိုးခဲ့တဲ့ ဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်လဲ ၁၉၉၅ခုနှစ်မှာ အစ္စရေးအစွန်းရောက်သမားတစ်ဦးရဲ့ ပစ်ခတ်သတ်ဖြတ်မှုခံခဲ့ရတယ်၊ အရှေ့တီမောခွဲထွက်ရေးခေါင်းဆောင် ပြည်ပြေးဝန်ကြီးဟောင်း ရာမို့စ်လည်း အခုတော့ အရှေ့တီမောအစိုးရအဖွဲ့ဝင်အဖြစ်က ပြုတ်သွားပြီလေ၊ တောင်အာဖရိကက နိုဘယ်လ်ဆုရတဲ့ ဒက်စမွန်တူးတူးဟာလဲ သူ့နိုင်ငံက အဖိနှိပ်ခံ လူမည်းအများစု အကျိုးမလုပ်ဘဲ CIA ခိုင်းသမျှ လျှောက်လုပ်ပေးနေရတဲ့ ကြေးစားဘဝ ရောက်သွားပြီလေ၊ ဒါမျိုးတွေက အများကြီးပါကွယ်၊ တောင်ဗီယက်နမ်မှာ ငိုဒင်ဇင်ကို CIAက သမ္မတအဖြစ်တင်ခဲ့တယ်၊ လူထုက မကြိုက်တော့တဲ့အခါ CIA ကပဲ သူတို့ရဲ့ လက်ကိုင်တုတ်လုပ်ထားတဲ့ စစ်တပ်ကိုအာဏာသိမ်းခိုင်းပြီး ငိုဒင်ဇင်ကို မြို့တော်အလယ်မှာ သတ်ပစ်စေခဲ့တယ်၊ ဒီနမူနာမျိုးတွေလည်း အများကြီးပါ။

(မောင်ကာဠု) – နယ်ချဲ့ပုဆိန်ရိုးတွေရဲ့ ဇာတ်သိမ်းကတော့ ပုဆိန်ရိုးဆွေးလာမယ်၊ ကျိုးပဲ့လာမယ်၊ ပုဆိန်သွားတပ်ရာမှာ ချောင်လာမယ်၊ အဲ့ဒီပုဆိန်ကို နောက်ပိုင်း အသုံးမချတော့ဘူးဆိုရင် အဲဒီ ပုဆိန်ရိုးဟာ ထင်းဖြစ်သွားပြီး မီးဆိုက်ခံရတော့မယ်၊ ပုဆိန်ရိုး ဖြစ်စမှာတော့ အသုံးတော်ခံလို့ ကောင်းတုန်း၊ မျက်နှာရတုန်းပေါ့၊ ပုဆိန်ရိုးဆိုတာ အဘိုးတစ်ခါက ပြောသလို သစ်ခိုးသမားက သစ်တောထဲကို ကျူးဝင်၊ သစ်ပင်ကိုခိုးခုတ်ဖို့ ပုဆိန်ကိုသုံးရတယ်၊ ပုဆိန်ကို အိမ်က အရိုးတပ်ယူလာရင် သစ်တောစောင့်နဲ့တွေ့မှာစိုးလို့ ပုဆိန်ကို အိတ်ထဲထည့်ယူပြီး ထင်းခွေလေဟန် ဓားမတိုတစ်ချောင်း ကိုင်လာတာပဲ၊ အဲ...တောထဲ လူပြတ်တဲ့နေရာရောက်ရင် ခိုးခုတ်မယ့်အပင် ရွေးတယ်၊ သစ်ပင်ကြီးကို ဓားမတိုနဲ့ ခုတ်လှဲလို့မရနိုင်ဘူး၊ အဲဒီသစ်ပင်ရဲ့ အနေတော် သစ်ကိုင်းတစ်ခုကို ဓားမတိုနဲ့ ခုတ်၊ ပုဆိန်မှာအရိုးတပ်ပြီး အဲဒီ သစ်ပင်ကြီးကို လှဲခုတ်တော့တာပဲ၊ ပုဆိန်ချက်များလာတော့ သစ်ပင်ကြီးလည်း လဲတော့တာပေါ့၊ ပုဆိန်ရိုးဆိုတာ အမိသစ်ပင်ကြီးကို သစ်သူခိုး ခုတ်လှဲဖို့ သစ်သူခိုးရဲ့ပုဆိန်မှာ လှဲခုတ်အားကောင်းစေမယ့် ပုဆိန်ရိုးအဖြစ် အသုံးချခံရတဲ့ဟာပေါ့၊ ပုဆိန်ရိုးမှန်သမျှဟာ နောက်ဆုံးတော့ နယ်ချဲ့တို့ ရေနွေးအိုးတည်ဖို့ ထင်းဖြစ်သွားကြမှာ ဧကန်ပါပဲ။

(အဘိုး) – ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

(မောင်ကာဠု) – ဒါ့ထက်တောင်ပိုသေး။ ။

မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်ကို ရပ်တန့်ကရပ်ရန် သတိပေးလိုက်သော

ပြည်သူလူထု၏ ဆန္ဒသဘောထားများ

★ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များ ဆက်တိုက်ပြုလုပ်ပြီး နိုင်ငံနှင့်လူမျိုးအား အကြိမ်ကြိမ် ထိပါးစော်ကားနေခြင်းကို မခံမရပ်နိုင်ဖြစ်လာသော ပြည်သူများအတွင်းမှ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူများ ရှေ့တန်းထွက်၍ ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းပင် ဖြစ်ကြောင်း၊

★ ဆန္ဒပြသူများ ရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထား ကြေညာချက်များက နိုင်ငံတော်၏မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း၊

★ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။

★ ယင်းသို့ အပြုသဘောမဟုတ်ဘဲ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်၍လည်းကောင်း၊ အမျိုးသားရေးအကျိုးစီးပွားနှင့် ဆန့်ကျင်၍လည်းကောင်း အဖျက်သဘောဖြင့် လုပ်ဆောင်လာမှုများကိုမူ လက်ခံနိုင်မည်မဟုတ်ကြောင်း။

■ **ကျောဖုံးမှ**

ငင်းစာတွင် အမေရိကန်ပြည်သူများနှင့် မြန်မာပြည်သူများ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေကြသော်လည်း အမေရိကန်အစိုးရက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် လုံခြုံရေးကောင်စီ အစီအစဉ်တွင် တင်သွင်းပြီး ဆုံးဖြတ်ချက်ချရန်လုပ်ဆောင်ခြင်းသည် အလွန်အံ့အားသင့် စိတ်ပျက်ဖွယ်ကောင်းသော လုပ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အဏုမြူခြိမ်းခြောက်မှု၊ အကြမ်းဖက်ခြိမ်းခြောက်မှု၊ စစ်ရေးခြိမ်းခြောက်မှုနှင့် အခြားခြိမ်းခြောက်မှုဘာတစ်ခုမျှ မပြုလုပ်ခဲ့ကြောင်း၊ အသင်တို့၏ အမေရိကန်အစိုးရကသာ မြန်မာနိုင်ငံတွင် ငင်းတို့အလိုကျ ရုပ်သေးအစိုးရမတင်နိုင်သဖြင့် မအိပ်နိုင် မစားနိုင်ဖြစ်နေကြောင်း။

ထို့ကြောင့် သမ္မတဘုရှ်အား ဖယ်ရှားပစ်လိုက်မှသာ အမေရိကန်ပြည်သူများအတွက် ရန်သူနည်းလာမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။

ယင်းကဲ့သို့ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုများ နှစ်ရက်ဆက်တိုက် ဖြစ်ပွားခဲ့ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူတို့က–

အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များ ဆက်တိုက်ပြုလုပ်ပြီး နိုင်ငံနှင့်လူမျိုးအား အကြိမ်ကြိမ် ထိပါးစော်ကားနေခြင်းကို မခံမရပ်နိုင်ဖြစ်လာသော ပြည်သူများအတွင်းမှ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြထက်သန်သူများ ရှေ့တန်းထွက်၍ ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ဆန္ဒပြသူများရေးသားဖော်ပြထားသည့် ကြွေးကြော်သံများနှင့် သဘောထားကြေညာချက်များက နိုင်ငံတော်၏ မူဝါဒများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများနှင့် ကွဲပြားခြားနားမှုမရှိဘဲ တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိနေမှုကို ထင်ဟပ်လျက်ရှိကြောင်း။

မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိပါးနှောင့်ယှက်ခြင်းမရှိဘဲ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး မူဘောင်အတွင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းဖြစ်၍ အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်နေသူတိုင်း ကြိုဆိုထောက်ခံအားပေးရမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။

ယင်းသို့အပြုသဘောမဟုတ်ဘဲ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် ဆန့်ကျင်၍လည်းကောင်း၊ အမျိုးသားရေး အကျိုးစီးပွားနှင့် ဆန့်ကျင်၍လည်းကောင်း အဖျက်သဘောဖြင့် လုပ်ဆောင်လာမှုများကိုမူ လက်ခံနိုင်မည်မဟုတ်ကြောင်း။

ယခုလုပ်ရပ်များမှာ ပြည်သူလူထုက သည်းမခံနိုင်တော့သဖြင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ပြင်းပြထက်သန်မှုကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ တစ်ဖက်စောင်းနင်း လုပ်ရပ်များကို အခုလိုတုံ့ပြန်နိုင်မှ တန်ကာကျမှာဖြစ်ကြောင်း စသည်ဖြင့် ငင်းတို့၏ သဘောထားအမြင်များကို ထုတ်ဖော်ပြောကြားနေကြကြောင်း ကြားသိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၂–၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဥပ္ပါတသန္တိကျမ်းတရားတော် (အရှင်ကုမာရဆရာတော်)
၈း၁၀	မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	ယှဉ်ပြိုင်ဆင်နွှဲ မြန်မာ့သိုင်းပြိုင်ပွဲ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းအနုပညာရေးရာ
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	သီရိမင်္ဂလာ ကမ္ဘာအေးစေတီ
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	သွားမယ်၊စားမယ် (Feel Garden)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ညှော်မယ်ဖျို့(ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	Movie Talk (သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့် တွေ့ဆုံခြင်း) (အပိုင်း–၁)
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	တည်ငြိမ်အေးဆေးစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	ဆည်မြောင်းရဲ့အားမာန် ပေါင်းလောင်းရေလှောင်တမံ
၁း၀၀	MRTV -4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီ အထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက်၇နာရီ အထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာမြားပစ်အားကစားအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၃၁

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ ၅ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦး အုပ်ချုပ်သူအဖြစ် ဆောင်ရွက်မည့် မြန်မာမြားပစ်အားကစားအဖွဲ့သည် ယနေ့ နံနက် ၇နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အခြေခံစာရေးဝန်ထမ်း သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၃၁

အခြေခံစာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်း အခမ်းအနားကို ဇန်နဝါရီ၂၆ရက်နံနက် ၇နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူစံပြဆု၊ သင်တန်းသားစံပြဆုနှင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ကြာမြင့်သည်။ **(သတင်းစဉ်)**

ဖာဂူဆန်ကို အကျပ်အတည်းတွေ့စေမည့် အိမ်ရှင်စပါး ချယ်လ်ဆီးတို့နိုင်ပွဲဆက်မည့် ချာလ်တန်

ပရီမီယာလိဂ်ပွဲစဉ်(၂၆)

သုံးသပ်တင်ပြသူ
မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပရီမီယာလိဂ်ပွဲစဉ်များ ဆက်တိုက်ကစားနေရသဖြင့် အသင်းတိုင်း ပွဲပန်းနေသော်လည်း အရေးကြီးသော ပွဲစဉ်များချည်းသာဖြစ်နေရာ အတိမ်းအစောင်းမဖြစ်ရန် အသင်းကြီးများ အထူးသတိထားယှဉ်ပြိုင်နေရသကဲ့သို့ အသင်းငယ်များကလည်း တန်းမဆင်းရရေး ခြေကုန်ထုတ်နေရလျက်ရှိသည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၆)ကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်များတွင် ဆက်တိုက်ကစားမည်ဖြစ်ရာ မန်ယူက စပါးနှင့် အဝေးကွင်း၌ နွဲရမည်ဖြစ်သလို ချယ်လ်ဆီးက ချာလ်တန်ကွင်း၌ သွားကစားရမည်ဖြစ်သည်။ မန်ယူတို့ အကျပ်အတည်း တွေ့နိုင်သော်လည်း ချယ်လ်ဆီးက ချာလ်တန်ကို နိုင်ပွဲရရန် သေချာနေသည်။

စပါးနှင့် မန်ယူ

မနှစ်က စပါးကွင်း၌ မန်ယူတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သော်လည်း ယခုပွဲ၌ အကြိတ်အနယ်နွှဲရမည့် အနေအထားရှိသည်။ စပါးတို့က အိမ်ကွင်း၌ နိုင်ပွဲများ ရအောင်ကစားတတ်ကြရာ ယခုပွဲလည်း မန်ယူကို မာမာတင်းတင်း တုံ့ပြန်ကစားမည်မှာ သေချာသည်။

စပါးနည်းပြ မာတင်ဂျိုးက ဒီဖိုးနှင့် ဘာဘာတော့ဗ် တိုက်စစ်အတွဲကိုပင် ပွဲထုတ်မည်ဖြစ်ရာ တစ်ဖက်နောက်တန်းကို မနားတမ်း မွှေနှောက်ထိုးဖောက်ကစားတတ်သော ဘာဘာတော့ဗ်သာ ခြေစွမ်းပြနိုင်လျှင် မန်ယူခံစစ်မှူးများ အစွမ်းကုန် ဟန့်တားရမည် ဖြစ်သည်။

သို့သော် ကစားရှိန်တက်နေသော မန်ယူတိုက်စစ်မှူးများက ဂိုးရအောင် သွင်းယူနိုင်ကြသည်ဖြစ်ရာ ဖာဂူဆန်က မည်သည့်အခင်းအကျင်းဖြင့် ထွက်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဖာဂူဆန်သည် ယခုပွဲကို အမာခံဘောလုံးသမားများချည်းသာ ထုတ်သုံးမည်ဖြစ်ပြီး စပါးကို အစွမ်းကုန်ကျော်ဖြတ်နိုင်ရန် ကြိုးစားမည်ဖြစ်သည်။ မန်ယူတွင် လာဆင်က ဂိုးထပ်မသွင်းနိုင်သေးသော်လည်း တစ်ဖက်နောက်တန်းကို မွှေနှောက်ထိုးဖောက်နိုင်သဖြင့် ရွန်နေ၊ စီရိုနယ်ဒိုနှင့်ဆာဟာတို့ ဂိုးသွင်းခွင့်များရအောင် ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ဂိုးသွင်းခြေစွမ်း ပြန်ရလာသော ရွန်နေကြောင့် မန်ယူတို့ သွင်းဂိုးများရရှိပြီး နိုင်ပွဲဆက်တိုက်ရလျက်ရှိရာ ယခုပွဲ၌လည်း အနိုင်ရရန် အလေးထားသည့် ပွဲပင်ဖြစ်သည်။

ချာလ်တန်နှင့် ချယ်လ်ဆီး

နိုင်ပွဲလိုအပ်နေသော ချယ်လ်ဆီးတို့ ယခုပွဲ၌ သုံးမှတ်အပြည့်ရမည့်ပွဲပင်ဖြစ်သည်။ ချာလ်တန်၏ လက်ရှိခြေစွမ်းသည် ချယ်လ်ဆီးကို မည်သို့မျှ ခြေရည်တူ မကစားနိုင်သည်ဖြစ်ရာ ဂိုးမပြတ်ရေးကိုသာ အာရုံစိုက်ကစားရမည်သာဖြစ်သည်။

ဒရော့ဘာနှင့်ရှက်ဗ်ချင်ကို တိုက်စစ်အတွဲ အချိတ်အဆက် မိလာပြီဖြစ်ရာ ဂိုးများလည်း သွင်းယူနိုင်ခဲ့ကြသည်။ ချာလ်တန်တို့ ရှေ့၊ လယ်၊ နောက် နေရာချင်း အလိုက်မည်သို့မျှ မယှဉ်နိုင်သဖြင့် ချယ်လ်ဆီးထံမှ တစ်မှတ်ရရေး အိပ်မက်ကိုပင် အကောင်အထည်ပေါ်အောင် မနည်းကြိုးစားယူရမည်ဖြစ်သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် မန်ယူကို ဆက်တိုက် ဖိအားပေးရန် ရမှတ်များ လိုအပ်နေသည်ဖြစ်ရာ ချာလ်တန်ကို အနိုင်ကစားပြီး ရသလောက်ဂိုးသွင်းယူမည်မှာ သေချာသည်။ ချာလ်တန်နည်းပြ အလန်ပါဂျူး၏ နည်းဗျူဟာလည်း မော်ရင်ဟိုကို တုန်လှုပ်စေမည်မဟုတ်ရာ ယခုပွဲ ချယ်လ်ဆီးကို သုံးမှတ်အပြည့်ပေးရမည့် ဧည့်ခံကစားမှုထက် မပိုနိုင်ပါချေ။

မစ်ဒယ်ဘရော့နှင့် အာဆင်နယ်

မနှစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင် ကစားခဲ့သည့် မစ်ဒယ်ဘရော့တို့က အာစင်ဝင်းဂါးကို ရင်ဖိုစရာထပ်ဖြစ်အောင် ခြေစွမ်းပြဦးမည်ဖြစ်သည်။ မစ်ဒယ်ဘရော့သည် ဘော်လ်တန်ကို အိမ်ကွင်း၌ ငါးဂိုးအထိသွင်းပြီး အနိုင်ယူခဲ့သောခြေစွမ်းက အာစင်ဝင်းဂါးကို ခြောက်လှန့်နေသည့် အပြင် ဗန်ပါစီမပါသော အာဆင်နယ်တိုက်စစ်ကလည်း ရင်လေးစရာ ဖြစ်နေသည်။

မစ်ဒယ်ဘရော့တွင် ယာကူဘူ၊ ဒေါင်းနင်းနှင့် ဗီဒူကာတို့က အတွဲမိပြီး ဂိုးများဆက်တိုက် သွင်းယူနေကြရာ အာဆင်နယ် ခံစစ်မှူးများဖြစ်သည့် တိုရေး၊ အီဘူး၊ ဂျိုဟန်ဂျောယော၊ ကလစ်ချီတို့ စုစည်းမှုမကောင်းလျှင် ဂိုးပေးရမည်ဖြစ်သည်။

အာစင်ဝင်းဂါးသည် မစ်ဒယ်ဘရော့ တိုက်စစ်မှူးများကို ဟန့်တားရန် ၄း၄း၂ပုံစံဖြင့် ဗျူဟာခင်းပြီး ကွင်းလယ်မှ ရိုဆစ္စကီး၊ ဖာဗရီဂတ်နှင့်ဆီလ်ဗားတို့ကို ခံစစ်အကူကစားခိုင်းကာ အဝေးမှ အမှတ်မထင် ဘောများဖြင့် လျှပ်တစ်ပြက်တိုက်စစ်ဆင် ဂိုးသွင်းယူမည်ဖြစ်ရာ မစ်ဒယ်ဘရော့တို့ မထင်မှတ်ဘဲ ဂိုးပေးရဖွယ် ရှိသည်။ ယခုပွဲ အကြိတ်အနယ်နွှဲရမည်ဖြစ်ရာ အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲပင်ဖြစ်သည်။ အာဆင်နယ် ကံကောင်းလွန်းမှသာ နိုင်ပွဲရနိုင်မည့် ပွဲလည်းဖြစ်သည်။



မန်ယူတိုက်စစ်မှူး ရွန်နေ၏ ထိုးဖောက်ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးနှင့် အဲဗာတန်

ပရီမီယာလိဂ်၌ ပုံမှန်ခြေစွမ်းပြန်ရနေသော လီဗာပူးတို့ ယခုပွဲ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သော်လည်း အဲဗာတန်ကို အနိုင်ရဖွယ်ရှိသည်။ ဘင်နီတက်ဇ်သည် ဒက်ကွတ်၊ ရစ်စီနှင့် ဂျရတ်တို့ကို အမာခံထုတ်သုံးပြီး အဲဗာတန်နောက်တန်းကို ခြိမ်းခြောက်မည်ဖြစ်ကာ အလွန်ဆိုနှင့် ပင်းနန့်တို့ကို ကွင်းလယ်မှဂိုးရအောင် သွင်းယူခိုင်းမည်ဖြစ်သဖြင့် လီဗာပူးတို့ အခြေအနေကောင်းမည့်ပွဲပင် ဖြစ်သည်။

ဘင်နီတက်ဇ်သည် တစ်ဖက်အသင်း ကစားအားကို ကြည့်ပြီး ဗျူဟာပြောင်းလဲကျင့်သုံးတတ်သည်ဖြစ်ရာ ယင်းအချက်က အဲဗာတန်နည်းပြ မိုယက်ထက် သာလွန်သည်။ ကွင်းလယ်ကစားအားကို အပြည့်ယူကာ အဲဗာတန်ကစားကွက်ကို ထိန်းချုပ်နိုင်လျှင် လီဗာပူးတို့ အိမ်ကွင်း ရှုံးပွဲမရှိမှတ်တမ်းမှာ အပြောင်းအလဲ မရှိနိုင်ချေ။

သို့သော် အဲဗာတန်တိုက်စစ်မှူးများဖြစ်သည့် ဂျွန်ဆင်၊ အော့စမန်နှင့် ဒေးဗစ်တို့ကလည်း လျှော့တွက်၍ မရသည်ဖြစ်ရာ လီဗာပူးတို့ ဖိဖိစီးစီးကစားပါမှ အောင်ပွဲခံနိုင်မည်ဖြစ်သည်။

ဗီလာနှင့် ဝက်စ်ဟမ်း

ဗီလာက အိမ်ကွင်း၌ ခြေမှန်နေသည်။ ဗီလာတိုက်စစ်တွင် အင်ဂျယ်၊အက်ဘွန်လာဟောတို့ ခြေပေါ်လျှင် ဝက်စ်ဟမ်းကို မနှစ်ကရှုံးကြွေး ပြန်ဆပ်နိုင်သည်။ လက်စကော့၊ ဗာလင်တေး၊ စတုပ်စ်နှင့် ယိုဘိုတို့ကလည်း ဗီလာခံစစ်ကို ကောင်းကောင်း ထိန်းနိုင်သည်ဖြစ်ရာ ဝက်စ်ဟမ်း တိုက်စစ်မှူးများဖြစ်သည့် ဇာမိုရာ၊ တေဗက်ဇ်နှင့် ဘောင်ယာတို့ ထိုးဖောက်ဂိုးသွင်းရန် ခက်ခဲမည်ဖြစ်သည်။

ဝက်စ်ဟမ်းသည် တန်းဆင်းဇုန်အတွင်း ရောက်နေရာ နည်းပြအလန်ကာဘစ်ရှ်လေက ဖြစ်သည့်နည်းနှင့် ဗီလာကို အနိုင်ကစားမည်ဖြစ်သဖြင့် ကြည့်ကောင်းမည့်ပွဲပင်ဖြစ်သည်။ ယခုပွဲ ဗီလာတို့အရေးသာသော်လည်း ကြိုးစားမှုကြောင့်သာ အနိုင်ရဖွယ်ရှိနေပြီး နိုင်လျှင်လည်း ကပ်နိုင်မည့် အနေအထားဖြစ်သည်။

ဘလက်ဘန်းနှင့် ရှက်ဖီး

နွန်ဒါနှင့် မက်ကာသေးတို့ခြေပေါ်လျှင် ဘလက်ဘန်းတို့ ရှက်ဖီးကို ဂိုးပြတ်သွင်းနိုင်မည်ဖြစ်သည်။ ဘလက်ဘန်း ကွင်းလယ်မှ ဘင့်လေ၊ အိုရီဂျာ၊ အီမာတန်နှင့် ဆာဗေ့ဂျ်တို့က လည်း တိုက်စစ်ကိုပံ့ပိုးပေးနိုင်ကြပြီး ကွင်းလယ်တွင်လည်း နေရာစုံမှ ဟန်ချက်ညီညီကစားပေးနိုင်ကြရာ ရှက်ဖီးတို့ သရေပွဲဖြစ်အောင်ပင် ကြိုးစားကစားရမည့် အခြေအနေဖြစ်သည်။

ရှက်ဖီးတို့ကစားအား တက်လာသော်လည်း ဘလက်ဘန်းကို အနိုင်ယူရေးတွင် ရှက်ဖီးတိုက်စစ်မှူးများဖြစ်သည့် စတိ၊ ဟူလ်ဆေးနှင့် စတီဖင်ကွင်းတို့ ယခုထက်အဆုံးသတ်ပိုကောင်းရန် လိုအပ်နေသေးသည်ဖြစ်ရာ ဘလက်ဘန်းကို အနိုင်ရရန်မလွယ်ချေ။ ဘလက်ဘန်းတို့ နိုင်ပွဲပင်ဖြစ်သည်။

ဖူလ်ဟမ်နှင့် နယူးကာဆယ်

နည်းပြဂလင်းရိုဒါကြောင့် နယူးကာဆယ်တို့ အခြေအနေကောင်းနေရာ မနှစ်က တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးကြွေးကို ယခုပွဲ၌ ပြန်ဆပ်နိုင်ရန် အစွမ်းကုန်ကြိုးစားမည်ဖြစ်သည်။ ဂလင်းရိုဒါ၏ ၂း၇း၁အခင်းအကျင်းမှာ အလုပ်ဖြစ်လျက်ရှိရာ မာတင်ကို ရှေ့တွင် တိုက်စစ်မှူးတစ်ဦးတည်းသာ ထားပြီး ဆိုလာနို၊ တေလာ၊ ပက်တီဆင်၊ မီလ်နာတို့က နောက်မှ ဝိုင်းရံကာ တိုက်စစ်ဆင်ကြမည်ဖြစ်သည်။ ကျုံထွက်လာသော ဘောလုံးများကို နီကီဘတ်၊ ဟန်တင်တန်နှင့် ဒိုင်ယာတို့က အပိုင်သွင်းယူကြမည်ဖြစ်ရာ ဖူလ်ဟမ်ခံစစ်မှူးများဖြစ်သည့် ပီရာစီ၊ ဇက်နိုက်၊ ရိုစီနာနှင့် ဗို့ဇ်တို့ အမှားအယွင်းပြုလုပ်ပါက ဂိုးများပေးရမည် ဖြစ်သည်။ ဖူလ်ဟမ် တိုက်စစ်မှူးများဖြစ်သည့် ကိုလင်းဂျွန်၊ ဟဲလ်ဂူဆင်နှင့် မော်တီတို့ ရသည့်အခွင့်အရေးကို အကျိုးရှိစွာအသုံးချနိုင်လျှင် နယူးကာဆယ်တို့ အခက်အခဲတွေ့နိုင်သည်။ ဖူလ်ဟမ်နည်းပြ ရော်နယ်ကိုးမင်းက သုံးမှတ်အပြည့်ယူမည်ဟု ကြွေးကြော်ထားရာ လက်တွေ့၌ ဖြစ်မဖြစ် စောင့်ကြည့်ရမည်ဖြစ်သည်။ ယခုပွဲအဖြစ်နိုင်ဆုံးက သရေ၊ အကြိုက်မှာ နယူးကာဆယ်ဖြစ်သည်။

မန်စီးတီးနှင့် ရက်ဒင်း

လီတာ၊ ဒွိုင်လီနှင့် စတိဆစ်ဝဲလ်တို့ကြောင့် နိုင်ပွဲများ ရနေသော ရက်ဒင်းသည် အဝေးကွင်း၌ မန်စီးတီးကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိသည်။ သို့သော် မန်စီးတီးတိုက်စစ်မှူးများက ဂိုးသွင်းမသေချာချေ။ ဗက်ဆဲယ်၊ ကော်ရာဒီနှင့် ဂျော်ဒန်တို့က သေချာပေါက်ဂိုးများကိုပင် လွဲချော်နေတတ်ရာ တိုက်စစ်၌ ရက်ဒင်းတို့က သာနေသည်။

ရက်ဒင်းတိုက်စစ်မှူးဒွိုင်လီသည် ဂိုးသွင်းခြေမှန်သူဖြစ်ပြီး တစ်ဖက်ခံစစ်မှူးများ ထိန်းချုပ်ရခက်သူဖြစ်ရာမန်စီးတီး ခံစစ်မှူးများဖြစ်သည့် ရစ်ချက်၊ ဒွန်နေနှင့် ဒါဘိုတို့ အထူးသတိထားရမည်ဖြစ်သည်။ အိမ်ကွင်း၌ စုစုစည်းစည်းကစားတတ်သည့် မန်စီးတီးတို့ကြောင့် ရက်ဒင်းတို့ ကစားရခက်ပြီး မန်စီးတီးတို့ကစားကွက် ထိန်းချုပ်မှုကို ခံသွားရနိုင်သည်။ ယခုပွဲ မန်စီးတီးတို့ အနိုင်နှင့် သရေပွဲကလွဲပြီး ရှုံးပွဲ မကြုံတွေ့နိုင်ချေ။



လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်၏ အားမာန်အပြည့် ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

ဝက်ဖို့ဒ်နှင့် ဘော်လ်တန်

လက်ရှိခြေစွမ်းဖြင့် အိမ်ကွင်းဖြစ်သော်လည်း ဝက်ဖို့ဒ်တို့ နိုင်ပွဲမမှန်းနိုင်ချေ။ ဘော်လ်တန်သည်အိမ်ကွင်း၊ အဝေးကွင်းပုံမှန်ခြေစွမ်းရနေရာ ဒိုင်အုပ်ဖ်၊ အနယ်ကာ၊ ဒေးဗစ်၊ စပိဒ်နှင့် နိုလန်တို့အုပ်စု အကုန်ကစားနိုင်လျှင် ဘော်လ်တန်တို့ ဂိုးပြတ်သွင်း အနိုင်ရမည့်ပွဲပင် ဖြစ်သည်။

နေရာလိုက်၊ တစ်ဦးချင်းလိုက်တွင် ဝက်ဖို့ဒ်တို့က ဘော်လ်တန်ကို မယှဉ်နိုင်သည်ဖြစ်ရာ ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက်က ဝက်ဖို့ဒ်ကိုတစ်မှတ်ခွဲပေးမည့်အဖြစ်ကိုပင် အရောက်ခံမည်မဟုတ်သည့်အတွက် ဝက်ဖို့ဒ်တို့အိမ်ကွင်း၌ ဘော်လ်တန်ကို ဧည့်ခံရုံလွဲပြီး မည်သည့်မျှော်လင့်ချက်မျှ ထား၍ရမည် မဟုတ်ပါချေ။ ဘော်လ်တန်တို့ ဂိုးပြတ်သွင်းသွားနိုင်မည့် ပွဲပင်ဖြစ်သည်။

ဝီဂန်နှင့် ပို့စ်မောက်

မနှစ်က ပို့စ်မောက်တို့နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့မှုကို ဝီဂန်တို့ ယခုပွဲ၌ ချေဖျက်၍ ရရန်မလွယ်ချေ။ တန်းဆင်းဇုန်နားရောက်နေသော ဝီဂန်တို့ ပို့စ်မောက်ကို ခြေကုန်ထုတ်ကစားမည်မှာ သေချာသော်လည်း ယခုနှစ် ပို့စ်မောက်ခြေစွမ်းက ငြိမ်ပြီး ပုံမှန်ဖြစ်နေသည်။

ပို့စ်မောက်တွင် လွာလွာ၊ ကနူးနှင့် အမ်ဝါဂုဝါရီတို့ လူစုံကစားနိုင်လျှင် ဝီဂန်တို့ အကျပ်အတည်း တွေ့နိုင်သည်။ ပို့စ်မောက်တိုက်စစ်မှူးများ ခြေစွာသည်ဖြစ်ရာ ဝီဂန် နောက်တန်းမှ ဘေနက်စ်၊ ဘွိုင်စီ၊ ဟောနှင့်အင်စဝက်တို့ကိုရအောင် ကျော်ဖြတ်ကာ ကနူးတို့အုပ်စု ဂိုးရအောင် သွင်းကြမည်ဖြစ်သည်။

ပို့စ်မောက်နည်းပြ ဟယ်ရီရက်နက်က ဝီဂန်ကို လျှော့တွက်မည်မဟုတ်ရာ လူစုံထုတ်ပြီး ဖိဖိစီးစီးကစားမည်မှာ သေချာသည်။ ဝီဂန်နည်းပြ ပေါ်ဂျီဝဲကလည်း အိမ်ကွင်း၌ ပို့စ်မောက်ထံမှ ရသလောက်အမှတ်ယူရန် ကြိုးစားမည်ဖြစ်ရာ ယခုပွဲ အဖြစ်နိုင်ဆုံးရလဒ်မှာ သရေပွဲဖြစ်သည်။ ။

(မြန်မာ့အလင်း)

မော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အခြေခံစစ်ပညာ သင်တန်း အမှတ်စဉ်(၁) ဆင်းပွဲကို ဇန်နဝါရီ ၇ရက်က ဝါးနက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး မောင်ကျော်က အဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာ၂၃ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို သပြေညိုခန်းမ၌ ကျင်းပရာ အနှစ် ၂၀ လုံးလုံး ခွင့်မယူ ပျက်ရက်မရှိဘဲ သင်ကြားပေးခဲ့သော အထက်တန်းပြဆရာမ ဒေါ်စန်းမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

1-2 (12) 1 3/26/1905, 10:45 PM

ကမ္ဘာတစ်လွှား အားကစား

ပလာတီနီ၏ ပြုပြင်ပြောင်းလဲမှုနှင့် ဥရောပဘောလုံးအသင်းများ

လန်ဒန် ဇန်နဝါရီ ၃၁

ဥရောပဘောလုံးလောကတွင် ပြုပြင်ပြောင်းလဲရေးသမားတစ်ဦး ပေါ်ပေါက်လာပြန်ပြီ ဖြစ်သည်။ ၎င်း၏အမည်မှာ မီချယ်ပလာတီနီ ဖြစ်သည်။ ပလာတီနီအား ဇန်နဝါရီ ၂၆ရက်က ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်လိုက်သည်။

ကိုးကားတင်ပြသူ–မြင့်မောင်စိုး

ပလာတီနီသည် ပြိုင်ဘက် ဆွီဒင်နိုင်ငံသား လင်းနက်ဂျိုဟန်ဆင်ထက် မဲအများဆုံးရပြီး ယူအီးအက်ဖ်အေ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

ဂျိုဟန်ဆင်သည် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ရာထူးတာဝန်ကို ၁၆နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း ဂျိုဟန်ဆင်သည် (၇၇)နှစ်ရှိပြီဖြစ်၍ ယူအီးအက်ဖ်အေအဖွဲ့ဝင် နိုင်ငံများက ပလာတီနီကို ဦးစားပေး ရွေးချယ်ခဲ့ပုံရသည်။

ဆန္ဒပြင်းပြ

သို့သော်လည်း ပလာတီနီသည် လက်ရှိ ချန်ပီယံလိဂ်ဝင်ခွင့်ကို တစ်နိုင်ငံလျှင် လက်ရှိလေးနေရာပေးနေရာမှ သုံးနေရာသာပေးရန် ဆန္ဒပြင်းပြနေသူ ဖြစ်သည်။ ယင်းဆန္ဒမှာ စွန့်စားမှု၏ အစမျှသာဖြစ်ကြောင်း၊ ဥရောပဘောလုံးလောကကိုယ်စားပြု ဦးဆောင်လုပ်ကိုင်ခွင့်ရ၍ ပျော်ရွှင်မိကြောင်း ပလာတီနီက ပြောကြားလိုက်သည်။

ပလာတီနီ၏ ရာဇဝင်

ပလာတီနီ၏ ရာဇဝင်သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ၎င်းသည် ပြင်သစ်နိုင်ငံ ဂျုံး(ဖ်)မြို့၌ ၁၉၅၅ခုနှစ် ဇွန် ၂၁ရက်က မွေးဖွားခဲ့သူ ဖြစ်သည်။ ၎င်းသည် ပြင်သစ်အသင်း နန်စီအသင်းတွင် ၁၉၇၂မှ ၁၉၇၉အထိလည်းကောင်း၊ စိန့်အီစတိန်းအသင်းတွင် ၁၉၇၉ မှ ၁၉၈၂ အထိလည်းကောင်း၊ ဂျူဗင်းတပ်စ်အသင်းတွင် ၁၉၈၂ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိလည်းကောင်း ပါဝင်ကစားခဲ့သူ ဖြစ်သည်။

အဆိုပါ ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ်သည် ဂျူဗင်းတပ်စ်အသင်းနှင့်အတူ ဥရောပအကောင်းဆုံး ဘောလုံးသမားအဖြစ် သုံးကြိမ်တိုင် အရွေးခံခဲ့ရသည်။ ၎င်းသည် ၁၉၈၃ ခုနှစ်တွင်လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင်လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင်လည်းကောင်း ဥရောပအကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

ဂန္ထဝင်ဘောလုံးသမား

၎င်းသည် ဥရောပချန်ပီယံလိဂ်ဖလားကို ၁၉၈၄ ခုနှစ်တွင်လည်းကောင်း၊ ယူရိုပီယံဖလားကို ၁၉၈၅ ခုနှစ်တွင်လည်းကောင်း၊ ၁၉၇၈ခုနှစ်တွင် ပြင်သစ်ဖလားကိုလည်းကောင်း ဆွတ်ခူးခဲ့ပြီး စိန့်အီစတိန်းမှ ထွက်ခွာခဲ့သည်။ ယင်းနောက် ၎င်းသည် အီတလီ ဂျူဗင်းတပ်စ်အသင်းနှင့်အတူ အောင်မြင်ကျော်ကြားသည့် ဂန္ထဝင် အကျော်အမော် ဘောလုံးသမားတစ်ဦး ဖြစ်လာခဲ့သည်။

ပလာတီနီသည် ၁၉၈၂ ခုနှစ်က ပြင်သစ်အသင်းကို ဦးဆောင်ကစားခဲ့သူ ဖြစ်သည်။ ၁၉၈၂ ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းကို အကြိုဗိုလ်လုပွဲသို့ ပို့ပေးနိုင်ခဲ့သည်။ ၎င်းသည် ပြင်သစ်အသင်းတွင် ၇၂ ပွဲ ပါဝင်ကစားခဲ့ရာ၌ ၄၁ ဂိုး သွင်းယူပေးခဲ့သူလည်း ဖြစ်သည်။

ထမ်းဆောင်

ထို့အပြင် ၁၉၉၈ ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၂ ခုနှစ်တွင် ယူအီးအက်ဖ်အေ အဖွဲ့ဝင်တစ်ဦးဖြစ်လာပြီး ဖီဖာ၏အမှုဆောင်ကော်မတီလည်း ဖြစ်လာခဲ့သည်။

ယူအီးအက်ဖ်အေ ပြုပြင်ပြောင်းလဲရေးသမား ပလာတီနီ (ဝဲ)**နှင့် ယူအီးအက်ဖ်အေ ဥက္ကဋ္ဌဟောင်း ဂျိုဟန်ဆင်တို့အား ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ–အင်တာနက်)

ယင်းနောက် ယူအီးအက်ဖ်အေ၏ နည်းစနစ်ပိုင်းဆိုင်ရာ ကော်မတီသို့လည်း ဝင်ရောက်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဇွန်လတွင် လင်းနက်ဂျိုဟန်ဆင်ကို စိန်ခေါ်ပြီး ယူအီးအက်ဖ်အေ ဥက္ကဋ္ဌဖြစ်လာရန် ကြိုးစားခဲ့သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် လက်ရှိယူအီးအက်ဖ်အေ ဥက္ကဋ္ဌဂျိုဟန်ဆင်၏ ရာထူးနေရာကို ပလာတီနီက လွှဲပြောင်းရယူခဲ့ပြီ ဖြစ်သည်။

ပလာတီနီအနေဖြင့် ချန်ပီယံလိဂ် ပြိုင်ပွဲဝင်အရေအတွက်ကို လက်ရှိ တစ်နိုင်ငံလျှင် လေးနေရာပါဝင်ကစားခွင့်ပေးနေရာမှ သုံးသင်းသာ ပါဝင်ကစားခွင့်ပေးရန် ဆန္ဒပြင်းပြနေသူ ဖြစ်သည်။ ထို့ကြောင့်လည်း ပလာတီနီကြောင့် အင်္ဂလိပ်ပရီမီယာလိဂ်၊ စပိန် လာလီဂါ၊ အီတလီ စီးရီးအေနှင့် ဂျာမန် ဘွန်ဒက်စ်လီဂါအသင်းများအတွက် အခက်အခဲကြုံတွေ့လာနိုင်သည်။ ထိုသို့ တစ်နိုင်ငံ သုံးသင်းသာပါဝင် ကစားခွင့်ရခဲ့လျှင် အသင်းများအနေဖြင့် ထိပ်ဆုံးသုံးနေရာ ရရှိရေးအတွက် အကြိတ်အနယ် ကြိုးစားရတော့မည် ဖြစ်သည်။ ယင်းအချက်ကို ပရီမီယာလိဂ်အသင်းများ၊ စပိန်လာလီဂါအသင်းများ၊ စီးရီးအေအသင်းများနှင့် ဂျာမနီအသင်းများက လက်ခံလိုခြင်း မရှိပေ။ သို့သော်လည်း အဆိုပါနိုင်ငံများမှ တစ်နေရာစီ လျှော့ပေးသင့်ကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ် ပလာတီနီက တင်ပြထားသည်။

ပြန်လည်ပုံဖော်

ချန်ပီယံလိဂ်ပြိုင်ပွဲများ ပြန်လည်ပုံဖော်မည့် ၎င်း၏အစီအစဉ်များကို ၂၀၀၉ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း ပလာတီနီက ထုတ်ဖော်ပြောကြားခဲ့သည်ကို ဇန်နဝါရီ ၂၆ ရက်က အင်တာနက်၌ သတင်းဖတ်လိုက်ရသေးသည်။

ယင်းဆုံးဖြတ်ချက်ကို ဧပြီလတွင်ကျင်းပမည့် ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီတွင် တင်ပြသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ယူအီးအက်ဖ်အေအဖွဲ့ဝင် ၅၂သင်းမှ အသင်းများသည် အသက် (၁၂)နှစ်မှ (၁၈)နှစ်အတွင်းရှိ လူငယ်ဘောလုံးသမားများလည်း မွေးထုတ်သင့်ကြောင်း၊ တိုးတက်မှုရှိသော ဘောလုံးသမားများကို မရောင်းသင့်ကြောင်း၊ စည်းကြပ်ဒိုင် လက်ရှိနှစ်ဦးထားသည့်နေရာတွင် လေးဦးထားရှိသင့်ကြောင်း၊ ယင်းမှာ ဒိုင်လူကြီး မမြင်နိုင်သည့်ကိစ္စများတွင် အထောက်အကူ ဖြစ်စေနိုင်ကြောင်း၊ ဂိုးစည်းတွင် ဗီဒီယိုနည်းပညာသုံး၍ ဂိုးဝင်မဝင်ဆုံးဖြတ်မှုကိုလည်း လုံးဝဆန့်ကျင်ကြောင်း ပလာတီနီက ပြောကြားသည်။

သတိပေး

အသက် (၅၁)နှစ်ရှိ ပလာတီနီသည် ဥရောပဘောလုံးလောကကို ပြုပြင်ဆန်းသစ်လိုသော်လည်း မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်က ချန်ပီယံလိဂ် ပြိုင်ပွဲအတွက် နိုင်ငံတစ်နိုင်ငံလျှင် သုံးနိုင်ငံသာ ပါဝင်ယှဉ်ပြိုင်သင့်ကြောင်း ပြောဆိုခဲ့မှုကို ဝေဖန်ပြောကြားလိုက်သည်။

ယူအီးအက်ဖ်အေ ဥက္ကဋ္ဌသစ် ပလာတီနီ၏ဆန္ဒ၊ ဥရောပဘောလုံးအသင်းများ၏ သဘောထားမှာ ဆန့်ကျင်ဘက် အနေအထားဖြစ်နေ၍ စိတ်ဝင်စားဖွယ်ကောင်းလာသည်။ အကယ်၍ ပလာတီနီ၏ဆန္ဒအတိုင်း ဆုံးဖြတ်ခဲ့ပါလျှင် ဥရောပအသင်းများ၏ ယှဉ်ပြိုင်မှုအနေအထားမှာ ပို၍ကောင်းလာနိုင်မည် ဖြစ်သည်။ သို့သော်လည်း ဘောလုံးအသင်းများသည် ပရိသတ်ကွင်းဝင်မှု အနေအထားနှင့် ရုပ်မြင်သံကြားမူပိုင်ခွင့်များ လျော့ကျလာနိုင်၍ စီးပွားရေးအရ ထိခိုက်မှုဖြစ်လာဖွယ်ရှိသည်။

ယူအီးအက်ဖ်အေဥက္ကဋ္ဌသစ် ပလာတီနီနှင့် ဥရောပကလပ်အသင်းများ၏ သဘောထားလွန်ဆွဲပွဲသည် ဘောလုံးပရိသတ်များ စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာအဖြစ် ဆက်လက်စောင့်ကြည့်ရဦးမည့်ကိစ္စ ဖြစ်လာပြီဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။ **(ကိုးကား–အင်တာနက်သတင်းများ)**

ပရီမီယာလိဂ်ပွဲစဉ်(၂၅) ဆက်လက်ယှဉ်ပြိုင် လီဗာပူးက ဝက်စ်ဟမ်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် ဇန်နဝါရီ ၃၁

ပရီမီယာလိဂ် ပွဲစဉ်(၂၅)ကို ဇန်နဝါရီ ၃၀ရက်က ဆက်လက်ကစားရာ လီဗာပူးက ဝက်စ်ဟမ်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ပို့စ်မောက်နှင့် မစ်ဒယ်ဘရော့တို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ယာကူဘူ၏ ထိုးဖောက်ကစားမှုကို ဆိုးကင်းဘဲလ်က ဟန့်တားထားသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

ဝက်စ်ဟမ်းနှင့် လီဗာပူး

ဒက်ကွတ်၊ ခရော့ချ်နှင့်ဘယ်လာမီ တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သော ဘင်နီတက်ဇ်၏ အခင်းအကျင်းကြောင့် ဝက်စ်ဟမ်းကို လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ထိုးဖောက် ကစားနိုင်ခဲ့သည်။ ကွင်းလယ်မှ စတီဗင်ဂျရတ်၊ အလွန်ဆိုနှင့် ရစ်ဆီတို့ကလည်း ပံ့ပိုးနိုင်ခဲ့မှုကြောင့် ပွဲချိန် ၄၆မိနစ်တွင် လီဗာပူး တိုက်စစ်မှူး ဒက်ကွတ်က အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း လီဗာပူးတို့ ခြေအသာဖြင့် ကစားနိုင်ခဲ့ရာ ဝက်စ်ဟမ်းဘက်သို့ ၁၅ကြိမ်ထိုးဖောက် ဂိုးသွင်းခွင့်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့ရာမှ ပွဲချိန် ၅၃မိနစ်တွင် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်က တစ်ဂိုးသွင်းယူနိုင်ခဲ့၍ လီဗာပူးတို့ နှစ်ဂိုး အသာဖြင့် ဦးဆောင်နေခဲ့သည်။

ဝက်စ်ဟမ်းအသင်းက ချေပဂိုးများ ရရှိရေး ကစားအားတင်ခဲ့ရာ ပွဲချိန် ၇၆မိနစ်တွင် ဟာရီဝုဒ်အစား ဝင်ကစားသည့် တိုက်စစ်မှူးကီပါက ၇၇ မိနစ်တွင် ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့ပေးနိုင်ခဲ့သည်။ ထို့နောက် ချာလ်တန်ကိုးအစား ဇာမိုရာ ဝင်ကစားသော်လည်း ချေပဂိုး မသွင်းနိုင်သဖြင့် လီဗာပူးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပို့စ်မောက်နှင့် မစ်ဒယ်ဘရော့

ကနူးနှင့် မင်ဒက်စ်တို့၏ ကန်ချက်များ မသေချာမှုကြောင့် အိမ်ကွင်း၌ မစ်ဒယ်ဘရော့ကို သရေကျခဲ့ရခြင်း ဖြစ်သည်။ ၆–၂–၂ ပုံစံ ဖြင့် ခင်းကျင်းကစားသော ပို့စ်မောက်သည် မစ်ဒယ်ဘရော့မှ တိုက်စစ်မှူး ယာကူဘူ၊ မောရစ်ဆင်နှင့် ဒေါင်းနင်းတို့ ထိုးဖောက်တိုက်စစ်ဆင်မှုကို ကောင်းကောင်း ဟန့်တားနိုင်ခဲ့သည်။

ပို့စ်မောက်တို့က ခံစစ်အခြေပြု တိုက်စစ်ဖြင့် ကစားခဲ့ခြင်းကြောင့် မစ်ဒယ်ဘရော့တို့ အပိုင်ကန်သွင်းခွင့် အခွင့်အရေးများ လွတ်လွတ်ကျွတ်ကျွတ် မရရှိခဲ့ချေ။ ပို့စ်မောက်သည် ဒုတိယပိုင်းတွင် ကနူးအစား အင်ဒီကိုး၊ အမ်ဝါရူဝါရီအစား လွှာလွှာတို့ ဝင်ရောက်ကစားသော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရပြီး တစ်မှတ်စီ ခွဲဝေယူခဲ့ရသည်။

ရက်ဒင်းနှင့် ဝီဂန်

လီတာနှင့် ရှိန်လွန်တို့ ခြေစွမ်းပြနိုင်ခဲ့သဖြင့် ရက်ဒင်းတို့ ဝီဂန်ကို နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရက်ဒင်းသည် အိမ်ကွင်း၌ ဝီဂန်ကို အနိုင်ရရေး ဖိဖိစီးစီးကစားခဲ့သလို ဝီဂန်တို့ကလည်း မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သဖြင့် ပွဲချိန်သုံးမိနစ်မှာပင် ဝီဂန်တိုက်စစ်မှူး ဟက်စကီးက စောစီးစွာ အဖွင့်ဂိုး သွင်းယူခဲ့သည်။ သို့သော်လည်း ရက်ဒင်းတို့က ချေပဂိုးရရှိရေး ဖိကစားခဲ့ရာမှ ၃၁မိနစ်တွင် အင်ဂီမာဆင်က တစ်ဂိုး၊ ၅၁မိနစ်တွင် တိုက်စစ်မှူး ရှိန်လွန်က တစ်ဂိုးနှင့် ၈၈ မိနစ်တွင် လီတာက တစ်ဂိုး သွင်းယူခဲ့သဖြင့် ရက်ဒင်းတို့ သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။



ဝက်စ်ဟမ်းနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ် (လယ်) **ဝက်စ်ဟမ်းဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ–အင်တာနက်)

ရှုံးနိမ့်

ဝီဂန်အတွက် ဒုတိယချေပဂိုးကို ပွဲချိန် မိနစ်၉၀တွင် လန်ဇက်က သွင်းယူခဲ့သဖြင့်ဝီဂန်တို့နှစ်ဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ ရွှေမာလာရိပ်မွန်၊ အမှတ်(N-6)နေ
စာရေးဆရာဦးဖေမြင့်-ဒေါ်ခိုင်နွယ်ဦး(မြန်မာ့ရတနာစာပေ)တို့၏သား

ဒေါက်တာဖေဇော်ဦး

M.B.,B.S (Ygn), M.Med.Sc (Physiology) (Thesis)

နှင့်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၃၆၁ နေ
(ဦးအောင်မြင့်)-ဒေါ်ယဉ်ယဉ်မြင့်တို့၏မြေး၊ ဒေါက်တာသက်နိုင်-ဒေါက်တာချိုချိုမြင့်
(ကထိက၊ ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာမြတ်မွန်သူဇာ

M.B.,B.S (Ygn), M.Med.Sc (Pharmacology) (Thesis)

တို့သည် ၂၇-၁-၂၀၀၇ရက်(စနေနေ့)တွင် ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဖေဇော်ဦး-ဒေါက်တာမြတ်မွန်သူဇာ။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ဆောင်ရွက်လျက်ရှိသည့် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ စမ်းချောင်း၊ အလုံ၊ ရန်ကင်း၊ တာမွေ၊ သာကေတ၊ မရမ်းကုန်း၊ ကမာရွတ်၊ လှိုင်သာယာမြို့နယ်များ၏သန့်ရှင်းရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်သဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည် မိမိလုပ်ကိုင်နိုင်သည့် ရရှိလိုသောနှုန်း ဖော်ပြပါရှိသည့်စာအား ဆက်သွယ်ရန် ဖုန်းနံပါတ်ပါသည့် လိပ်စာအပြည့်အစုံ ဖော်ပြအိတ်ပိတ်၍ ဌာနသို့ ၁၅-၂-၂၀၀၇ရက်နောက်ဆုံးထား၍ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၄၈၂၄၊ ၂၄၆၅၇၁ တို့သို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။ (လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများသည် လက်ကိုင်ဖုန်း၊ လိုင်းဖုန်းများရှိရန်လိုအပ်ပြီး လျှောက်ထားသည့်နယ်မြေတွင် နေထိုင်သူဖြစ်က ဦးစားပေးမည်ဖြစ်ပါသည်။)

ဌာနမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန။

ညှော်ခံပွဲအသိအမှတ်မပြုကြောင်း

၃-၂-၂၀၀၇ရက်တွင် ပြုလုပ်မည့် **မောင်အောင်ဇေယျာတင့်**၏ မင်္ဂလာညှော်ခံပွဲတွင် ဖခင်ဖြစ်သူ ဦးခင်မောင်တင့် ၁၂/ရကန(နိုင်)၀၁၆၁၅၉နှင့် မိခင်ဖြစ်သူ ဒေါ်မွှေးမွှေး ၁၂/ရကန(နိုင်)၀၁၆၁၆၀တို့၏ သဘောတူညီချက်လုံး၀မပါရှိကြောင်းနှင့် ညှော်ခံပွဲအား အသိအမှတ်မပြုကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးခင်မောင်တင့်
မိခင်-ဒေါ်မွှေးမွှေး။

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် ယုဇနပလာဇာ မြေညီထပ်ဆိုင်ခန်းအမှတ် G-7 ၏ လက်ရှိဆိုင်ခန်းပိုင်ရှင်အမည် ဒေါ်ကျောင်းဆိုင် မှတ်ပုံတင်အမှတ် ၅/ကလထ(နိုင်)၀၁၁၅၉၇သည် ယင်းဆိုင်ခန်းအတွက် ပိုင်ဆိုင်မှု စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် ၎င်းဆိုင်ခန်းပိုင်ဆိုင်မှုအတွက် ယုဇနပလာဇာ အုပ်ချုပ်မှုကော်မတီရုံးသို့ ထပ်မံလျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ခုနစ်ရက်အတွင်း သက်ဆိုင်ရာရုံးသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

စီမံရေးရာရုံးခန်း
ဒုတိယထပ်၊ ယုဇနပလာဇာ
ဖုန်း-၂၀၀၈၀၁။



အမြန်ရောင်းရန်

လက်ရှိအသုံးပြုနေသော Sofa (Italy Leather, Korea Made) ကျပ်သိန်း ၂၀။
အမှတ် ၁၄၈(L)၊ အေ၀မ်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၈၂၂၀၁၊ ၆၈၂၁၄၉။

ဇန်နဝါရီ၂၄ရက်က တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနနှင့် အထက(၂)ရန်ကင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေး သင်တန်းဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဇန်နဝါရီ ၃၁

ဇန်နဝါရီ၂၈ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသန ဂေါက်ကလပ်၌ ဦးအောင်စိုး(ဦးစီးအရာရှိ)သည် Pacallaway Iron No(9)ဖြင့် ကျင်းအမှတ် (၇)တွင် ၁၄၅ကိုက်အကွာမှ Precept (Laddie Htreme) No (22) ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ၎င်းနှင့်အတူ ကစားဖော်များမှာ ဦးသိန်းဝင်း (ရွှေသပြေကုမ္ပဏီ)၊ ဦးခွန်ဆာနှင့် ဦးစိန်ဝင်းတို့ဖြစ်ကြသည်။ **(က-ပ)**

အထက(၂)မရမ်းကုန်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အထက(၂)မရမ်းကုန်းမြို့နယ်(ယခင် စိန့်ဂျုံစ်အကယ်ဒမီ)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉နာရီတွင် အထက(၂)မရမ်းကုန်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် ဆရာ၊ ဆရာမကြီးများ၊ အငြိမ်းစားဆရာ၊ ဆရာမများ၊ လက်ရှိကျောင်း၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူထည့်ဝင် လှူဒါန်းလိုပါက ဒေါ်ခင်မြတ်သူ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) ဖုန်း-၀၉-၈၀၂၅၁၉၉၊ ၆၄၁၆၁၄၊ ဒေါ်နီလာစိုး ဖုန်း-၀၉-၈၀၃၀၂၃၆၊ ၆၆၇၉၁၆၊ ဦးထွန်းထွန်း (မိသားစုစတိုး သမိုင်းလမ်းဆုံ) ဖုန်း-၀၉-၅၁၆၇၅၈၄၊ ၆၆၃၅၄၆၊ ဒေါ်အေး အေးမော် ဖုန်း-၆၅၂၀၇၄၊ ဒေါ်နီနီ (အထက-၂၊ မရမ်းကုန်း) ဖုန်း-၆၆၂၀၇၈နှင့် ဒေါ်ကြည်ကြည်အေး(အထက-၂၊ မရမ်းကုန်း) ဖုန်း-၆၆၂၀၇၈၊ ကိုဝင်းလှိုင် (ခိုင်မာဂစ်တာ သမိုင်းလမ်းဆုံ)၊ကိုသောင်းဟန် ဖုန်း-၆၅၀၄၂၇၊ ဦးလှိုင်ဘွားထွန်း ဖုန်း-၆၄၁၁၇၉၊ ဒေါ်ခင်စန်းယုဝေ ဖုန်း-၀၉-၅၀၀၄၈၅၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် ယင်းကျောင်း၌ညှိနှိုင်းအစည်းအဝေးပွဲရှိ၍ တက်ရောက်ညှိနှိုင်းအကြံဉာဏ်ပေးကြရန်လည်း နှိုးဆော်ထားသည်။

(က-ပ)

စစ်ဆေးဆောင်ရွက်

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ အင်းစိန်ဇုန်မီးသတ်ဦးစီးဌာနမှူး ရဲဗလသောင်းထိုက်နှင့် အဖွဲ့ဝင်များ မြို့သစ်(ဂ)၊ မြို့သစ်(က-ခ)ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း မီးစစ်ခြင်း၊ အရေးပေါ် ရေရရှိရေး၊ မီးသတ်ယာဉ်များ ဝင်လမ်းထွက်လမ်းအခြေအနေများကို စစ်ဆေးဆောင်ရွက်စဉ်။ (၀၄၆)

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ ပညာပေးဟောပြော အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်၊ ဘိုးဘွားများ အလှူငွေထောက်ပံ့

ရေတာရှည် ဇန်နဝါရီ ၇

ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဟောပြော

ဆက်လက်၍ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ခင်လေးရီက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း ရှင်းလင်းပြီး ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့ခွဲခေါင်းဆောင် တွဲဖက် မြို့နယ်တရားသူကြီး ဒေါ်အေးအေးစန်းက လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြင့်က ရေတာရှည်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၁၀၀၀ ကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကထံ ပေးအပ်သည်။

ဆက်လက်၍ နံနက် ၁၁ နာရီက တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရေတာရှည်မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမအတွင်း စားပွဲဝိုင်း ၁၅ ဝိုင်းဖွဲ့၍ ရင်းရင်းနှီးနှီး တွေ့ဆုံကြပြီး ဟောပြောဆွေးနွေးပွဲမှ သိရှိချက်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ပူဇော်ကန်တော့

၎င်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကမှ ဟောပြောပွဲတက်ရောက်ကြသည့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရေတာရှည်မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ အဘိုးအဘွား ၁၀ ဦးတို့အား အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့လှူဒါန်းကာ ပူဇော်ကန်တော့ကြသည်။ **(အမျိုးသမီးရေးရာ)**

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့၏ ရုံးသစ်အဆောက်အအုံဖွင့်လှစ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အဆိုပါအဆောက်အအုံသစ်ရှေ့တွင်ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့)

ရေဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အဖွဲ့ ဒီဇင်ဘာ ၃၀ရက်က လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လပွတ္တာ-လပွတ္တာလုပ်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ ဝယ်ယူစုဆောင်းထားရှိမှုကို အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာလပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ကမ်းသာဈေးရှိ ဈေးဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လောင်စာဆီများ ထားသိုရောင်းချမှု မရှိစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် ဇန်နဝါရီ ၁၁ ရက်က မြို့နယ် အတွင်းရေးမှူး ဦးညီညီထွင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသီဟထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၅၈)

မိတ္ထီလာမြို့ ဇဝနလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိတ္ထီလာ ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့သည့် မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ဇဝနလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက အဆိုပါမဂ်လာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လမ်းတစ်လျှောက် ဖြတ်သန်း ကြည့်ရှုကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေကို ငွေကျပ် ၆၉၉၀၀၀၀ ဖြင့် အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်
၂-၂-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ပျားရည်နှင့် ဆေးအသုံး)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (သွေးရင်းပမာ မေ့မေတ္တာ)

ညနေပိုင်း

၁၆:၁၀ ဟောပြောချက် (ကယားရိုးရာ တောလိုက်ပွဲတော်)
၁၆:၂၀ ရာသီခါမီတေးပန်းချီ
(၁) နှင်းလျှမပြယ်ခင်(မရည်မွန်)
(၂) ယဉ်တဲ့သဇင် (အောင်ချင်း)
(၃) အလှဆင်ပါဆောင်း(မြင့်မြင့်စိန်)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) အစဉ်အဆက်အခင်မပျက် (ခေါင်းကြီး)
(၂) စည်းလုံးမှုဖြင့် အောင်လံထူ (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (လတပို့တွဲ ထမနဲ အမြဲစည်းလုံးမည်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အအိပ်အနေအသက်ရှည်ဖို့ အကြောင်း-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (နှင်းပုလဲပန်း-ကာလပေါ် တူရိယာအဖွဲ့)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လှိုင်းပုတ်သံကြောင့် ဖျိုင်းလန့်ပျံသည် (မောင်မောင်လတ်)
(၂) တစ်ခွန်းသူ့ကိုပြောလိုက်ပါ (မြမြချော)
(၃) ရပ်သေးမင်းသမီးလေး (မောင်မျိုးတင့်)

တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဖွင့်

ဆီဆိုင် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ဆီဆိုင်မြို့မ အောင်သပြေရပ်ကွက်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရပ်ကွက်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲမှ အသင်းဝင်များ၊ ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရပ်ကွက်အတွင်းမှ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်ကြားပို့ချကြမည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များအကြောင်းနှင့် သောက်သုံးရ လွယ်ကူသည့် ဆေးတောင့်၊ ဆေးပြား၊ ထိုးဆေးများအသွင်ပြောင်းလဲ၍ ဝေဒနာရှင်များ သောက်သုံးမှုလွယ်ကူမှုရှိစေရန် ထုတ်လုပ်ဖြန့်ဖြူးမှုအကြောင်း ရှင်းလင်းပြောကြားသည်။ **(၀၄၈)**

ပျော်ဘွယ်မြို့နယ် ပြန်/ဆက် ဦးစီးဌာနသို့ စာအုပ်များလှူဒါန်း

ပျော်ဘွယ် ဇန်နဝါရီ ၁၅

ပျော်ဘွယ်မြို့နယ်အသင်း(ရန်ကုန်)က ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၇ရက် နံနက် ၉ နာရီက အဆိုပါရုံးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပျော်ဘွယ်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအုန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဝင်းနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးငွေဝင်းက အမှာစကားပြောကြားပြီး မြို့နယ် အသင်းဥက္ကဋ္ဌက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စာအုပ်စာတမ်းများ၊ ပြက္ခဒိန်များကို ကျေးလက်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းသည်။ **(၂၅၀)**

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်-ပြည်လမ်းမှ နွယ်ခွေကျေးရွာသို့ ဆက်သွယ်သည့်လမ်း ဂဝံခင်းရန်အတွက် ဂဝံကျောက်များ စုဆောင်းထားမှုကို ဇန်နဝါရီ ၂၂ရက်က အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဦးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သား ငါး ဈေးများတွင် ခြင်၊ ယင်များ ပေါက်ပွားမှုမရှိစေရေးအတွက် ဒီဇင်ဘာ ၃၁ ရက်က မြို့မဈေး၊ အောင်သာယာဈေးနှင့် ဆိပ်ကမ်းသာဈေးများအတွင်း ခြင်ဆေးဖျန်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို အဖွဲ့ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် ဈေးအကျိုးတော်ဆောင်များ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင် ၁၅လမ်း အမှတ် ၁၂၂၂ နေ ဦးမြင့်သန်း-ဒေါ်သန်းနွဲ့ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးရဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗုဒ္ဓပူဇနိယပွဲကျင်းပ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၅

ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေ ရတနာစာသင်တိုက်အတွင်းရှိ ဈာနမုဒြာ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၈ရက်က ကျင်းပရာ မဟာအောင်မြေစာသင်တိုက်နှင့် ဓမ္မရိပ်သာတို့၏ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပြည်တွင်း ပြည်ပ သာသနာပြုအလိုတော်ပြည့် ဒေါက်တာ အရှင်အရိယဝံသဆရာတော် ကြွရောက်တော်မူ၍ တရားတော်များ ဟောကြားတော်မူပြီး ဆွမ်း၊သစ်သီးများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူကြသည်။ **(ဝ၆၁)**

အမှတ်(၂၀) နှင်းပန်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ်မှ ကွယ်လွန်သူ ဘိုးဘွားများနှင့် မိဘများဖြစ်ကြသော ဦးစစ်တွေ-ဒေါ်ကျင်မှုံ၊ ဦးကီးယား-ဒေါ်ကျင်မွေး၊ အဒေါ် ဒေါ်ကျင်စိန်၊တူတူမ၊ မြေးတို့အားရည်စူး၍ ဒေါ်ကျင်အေး၊ ညီမများ၊ တူတူမ၊မြေးများ မိသားစုတို့က ရေဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံများ နှစ်စဉ်ရွှေသင်္ကန်းကပ်လှူနိုင်ရန် ရာသက်ပန် ရွှေသင်္ကန်း ထာဝရပဒေသာပင်တစ်ပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းသဖြင့် သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

သီပေါမြို့ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေး

သီပေါ ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် ဇန်နဝါရီ ၁၅ရက်က ကျောက်မဲခရိုင် ဦးစီးအရာရှိ ဦးမောင်ကိုနှင့် ပြည်နယ်အတွင်းရှိ ခရိုင်ဦးစီးအရာရှိများ လိုက်ပါလျက် သီပေါမြို့နယ်ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် သီပေါမြို့ စံလောင်းကျေးရွာ ကိုယ်ပိုင်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်တိုးတက်မှုအခြေအနေများ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်ဂျာနယ်၊ မဂ္ဂဇင်းလှူဒါန်းရရှိမှု အခြေအနေများ၊ ကျေးရွာသို့ နေ့စဉ်ထုတ်သတင်းစာများ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်စန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးသည် ပန်ဆောက်၊ ဘော်ကြို၊ ကျင်သီကျေးရွာရှိ ကျေးလက်စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဣန္ဒြိယတံကုမ္ပဏီ မိသားစု ဝေဇယန္တာဥယျာဉ်အိမ်ရာ သင်္ဃန်းကျွန်းမြို့နယ်က အလှူငွေကျပ် ၁၅သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးဘုန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အရန်သားဖွားသင်တန်းဆင်းပွဲ မြင်းခြံ၌ကျင်းပ

မြင်းခြံ ဇန်နဝါရီ ၉

မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော ပထမအကြိမ် အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက်က မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေတို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ညိမ်းက ငါးမြို့နယ် အရန်သားဖွားသင်တန်းဆင်း သင်တန်းသူ ၂၀ တို့အား အသိအမှတ်ပြုလွှာနှင့် လုပ်ငန်းသုံးကစ်ပုံးများ ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းတွင် ပထမဆုရ သင်တန်းသူ မနေယုနိုင်အား ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးကလည်းကောင်း၊ ဒုတိယဆုရသင်တန်းသူ မနီလာစိုးအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေကလည်းကောင်း၊ တတိယဆုရသင်တန်းသူ မဝင်းဝင်းမော်အား ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ညိမ်းကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

အဆိုပါသင်တန်းမှာ စာတွေ့၊ လက်တွေ့ ခြောက်လကြာမြင့်ခဲ့သည်။ **(၄၀၂)**

ဟူးမွလင်းမြို့ ရေပေးရေး လုပ်ငန်းများဆောင်ရွက်

ဟူးမွလင်း ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုသည် ဒီဇင်ဘာ ၂၆ရက်က ဟူးမွလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြသည်။

အဆိုပါ မြို့ရေပေးရေးလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ ငွေကျပ်သိန်း ၂၅၀ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြို့နယ်သတင်းများ

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တံခွန်တိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းထိပ် မုခ်ဦးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ညောင်ရွှေမြို့ ကျောင်းတော်အနောက် ကတ္တရာလမ်းသစ်ဖွင့်

ညောင်ရွှေ ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ပေအရှည် ၇၀၀၊ အကျယ် ၁၂ ပေရှိ ညောင်ရွှေမြို့လယ်ရပ် ကျောင်းတော်အနောက် ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝ၂၇)**

ဇန်နဝါရီ၆ရက်က အုတ်ဖိုမြို့ အထက ၌ ကျင်းပသည့် ပညာရေး စုံညီပွဲတော် ပညာရည်ချွန်ဆုနှင့် ဘက်စုံ ထူးချွန်ဆုချီးမြှင့်ပွဲတွင် မြို့နယ်အဆင့် အင်္ဂလိပ်ပုံပြော ပြိုင်ပွဲတွင် ပထမဆုရ ပဥ္စမတန်းမှ မောင်မင်းဟိန်း ကျော် အား ကျောင်း အကျိုးတော်ဆောင် ဦးထွန်းတင်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့နယ်၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

နွားထိုးကြီး ဇန်နဝါရီ ၂၅

နွားထိုးကြီးမြို့နယ် ဒေါင့်ဘိုးကျေးရွာအုပ်စု ဒေါင့်ဘိုးကျေးရွာ ဖြူစင်မေတ္တာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်စာစောင်များ အလှူခံရရှိနိုင်မည့်နည်းလမ်းများ၊ ရန်ပုံငွေထူထောင်နိုင်ရေး၊ အဆောက်အအုံကို မိမိဒေသက ထွက်ရှိသော ပစ္စည်းများဖြင့် ဆောက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးအောင်နိုင်နှင့်ဇနီး ဒေါ်မိုးမိုးအေးတို့က ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ **(အပေါ်ယာပုံ)** မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်ပတ်လည် ညစာစားပွဲ ဖိတ်ကြားခြင်း

သူငယ်ချင်းရောင်းရင်းများ နှစ်ပတ်လည် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၆-၂-၂၀၀၇(အင်္ဂါနေ့)
အချိန် – ညနေ ၆နာရီ
နေရာ – M 3 Food Centre
ဗဟန်းမြို့နယ်။

ဖိတ်ကြားရေးကော်မတီ
O.T.S(31)၊ သီဟတပ်ခွဲကျောင်းဆင်းများ။

အမည်ပြောင်း ဗန်းမော်မြို့ အထက(၁) စတုတ္ထတန်းမှ အဖဦးဇော်မင်း၏ သား မောင်မိုးထက်သာအား မောင်အောင်မျိုးမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မျိုးမင်း။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
ပျဉ်းမနားခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ် – ၈(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးသိန်းမြင့်
ပျဉ်းမနားမြို့။ ၂။ ဒေါ်မကြီး
တရားနိုင် **တရားရှုံး**

ပျဉ်းမနားခရိုင်တရားရုံး၏ ၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၇၃တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန် ကျပ်(၂၂၂၉၃၈၁/၃၃၊း) (ကျပ်နှစ်ဆယ့်နှစ်သိန်းနှစ်သောင်းကိုးထောင့်သုံးရာရှစ်ဆယ့်တစ်နှင့်သုံးဆယ့်သုံးပြား)တိတိကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၇ခုနှစ် မတ်လ ၁၆ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ လယ်ဝေးမြို့နယ် အေလာရွာရှိ အကွက်အမှတ် ရပ်ကွက်အမှတ် (၈/အေလာ) ဦးပိုင်အမှတ် (၇၀/၉၂-၉၃)မြေဧရိယာ (ဝဒသမ၁၆၉) ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၅x၄) ပင် သွပ်မိုး၊ ပျဉ်ကာနှစ်ထပ်အဆောက်အအုံ။
၂။ လယ်ဝေးမြို့နယ် အေလာရွာရှိ ကွင်းအမှတ် (၁၇၃၅/ရွာသစ်ကွင်း) ဦးပိုင်အမှတ်၊ မြေကွက်အမှတ် (၄၀၉/၉၂-၉၃) ဧရိယာ (ဝဒသမ ၂၆)ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၅x၄)ပင် သွပ်မိုး၊ ပျဉ်ကာနှစ်ထပ်အဆောက်အအုံ။

ကြမ်းခင်းဈေး ကျပ် ၄၉ သိန်း (ကျပ်လေးဆယ့်ကိုးသိန်းတိတိ)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှသာ ဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

ခင်မောင်ငွေး
ခရိုင်တရားသူကြီး၊ ပျဉ်းမနားမြို့။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ငွေလုံးငွေရင်းနှင့် စီမံကိန်းလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်–

(က)	ရေအေးလေအေးဌာနသုံးကုန်ကြမ်း	၄၁ မျိုး
(ခ)	မော်တာဌာနသုံးကုန်ကြမ်း	၁၁ မျိုး
(ဂ)	ဓာတ်လှေကားဌာနသုံးကုန်ကြမ်း	၂၄ မျိုး
(ဃ)	ရေသန့်ပစ္စည်း	၁၃၀ မျိုး
(င)	M.S Angle Iron	
–	100 mm x 100mm x 10mm x 16.82kg/ mm	၇၁ ဒသမ ၃၀၇ တန်
–	90 mm x 90mm x 8mm x 48.90kg/ mm	၂၃ ဒသမ ၂၇၈ တန်

၂။ တင်ဒါပိတ်ရက်မှာ (၉-၂-၂၀၀၇) ရက်ဖြစ်ပြီး အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၁-၅၆၀၆၈၇၊ ၀၆၇-၄၀၈၃၄၀ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

၂၁-၁-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်လှလှမြင့်(ခ)ဘာနူး (KTDA-004237)၏ အထက်တန်းရှေ့နေ ဦးကိုကိုလွင်၏ အများသိစေရန်တားမြစ်ကြေညာခြင်းပေါ်တွင်

ရှင်းလင်းကြော်ငြာခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်-၉၃၊ ပထမထပ်(ယာ) ၃၉လမ်းနေ ကွယ်လွန်သူ ဒေါ်ခတီဇာဘီဘီ၏ သားသမီး(၆)ဦးတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်း ကြော်ငြာအပ်ပါသည်။

ဖော်ပြပါအခန်းသည် ကွယ်လွန်သူမိခင်ကြီး၏ ပိုင်ဆိုင်ခွင့်အရ သားသမီးများမှ အနှောင့်အယှက်မရှိ နေထိုင်လာသည်မှာ နှစ်ပေါင်း(၃၆)နှစ်ကျော် ကြာမြင့်ခဲ့ပြီး ဒေါ်လှလှမြင့်(ခ) ဘာနူးအနေဖြင့် ၎င်းသာ သက်ဆိုင်သည်ဆိုပြီး ဥပဒေအရ ဆောင်ရွက်သွားပါက ကျွန်ုပ်၏အမှုသည်များကလည်း ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဒေါ်သက်နွယ် B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၇၆၇)
အမှတ်(၂၀၉)၊ ဒု(ဝဲ)၊ ၃၇လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၈၈၁၃၂။





ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ် – ၄၀၅(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးဟန်စိန်
မိတ္ထီလာမြို့။ ၂။ ဒေါ်ခင်မူမူ
တရားနိုင် **တရားရှုံး**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၂၇၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် မတ်လ ၁၅ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ဝန်ဇင်းရပ် အကွက်(၁၅/န-ဝန်ဇင်း) မြေကွက်(၁၇၆) ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် ၂၉ပေx၁၂ပေ၊ တစ်ထပ်တိုက်၊ မီးဖိုချောင်၊ စတိုခန်း၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ အုတ်ဝင်းထရံ။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း (၂၀၀)**

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်မှ တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၂၂၆၄ မာဇဒါဘီ ၆၀၀/ပစ်ကပ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးတင်ငွေး မှတ်ပုံတင်အမှတ် ၁၂/လကန(နိုင်)၀၃၆၁၃၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (အရှေ့ပိုင်းခရိုင်ရုံး)
ရန်ကုန်မြို့။

မီးကြွင်း မီးကျန်
မရှိရန်
အစဉ်သတိ
အမြဲရှိ

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဒီဇင်ဘာ ၃၁ရက်က တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုန်းစင်ရိုး ဆည်ရေပေးဝေသည့်စက်ရုံအား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)သို့ အင်တာနက်အသုံးပြုရန် ငွေလှူဒါန်း

မန္တလေး ဇန်နဝါရီ ၂၀

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးမောင်လတ်–ဒေါ်နန်းယဉ်ယဉ်၊ဦးတင်လတ်–ဒေါ်ခင်ပြုံးတင့် (ဆည်းဆာစိုးစံပညာရေး) မိသားစုတို့က တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးသို့ အင်တာနက်ချိတ်ဆက်အသုံးပြုရန် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက် ညနေ ၃ နာရီက အဆိုပါ တက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)(ဆည်းဆာစိုးစံပညာရေး)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်း ပြောကြားပြီး အလှူရှင် (ဆည်းဆာစိုးစံပညာရေး မိသားစု)က မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်တွင် အင်တာနက်ချိတ်ဆက် အသုံးပြုရန် အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ် ဒေါက်တာလွင်ကိုက လက်ခံရယူ၍ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၁၃)**

မိုင်းယောင်းမြို့၌ စုပေါင်းသန့်ရှင်း

မိုင်းယောင်း ဇန်နဝါရီ ၁၅

မိုင်းယောင်းမြို့ (၂)ရပ်ကွက် လမ်းဘေး ဝဲယာတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ဇန်နဝါရီ ၅ရက်က ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၂ရက်က အဖွဲ့ပိုင် ကြက်ဆူပင်စိုက်ခင်းအတွင်း ကြက်ဆူပင်များကို စနစ်တကျ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကောက်ခံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မကွေး၌ကျင်းပ

မကွေး ဇန်နဝါရီ ၂၃

မကွေးတိုင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ၂၀၀၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ကောက်ခံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက်က မကွေးတိုင်း မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အထွေထွေ မန်နေဂျာ ဦးဝင်းကြည်က အမှာစကားပြောကြားပြီး မကွေးတိုင်းအတွင်း ထုတ်ချေးပေးခဲ့သည့် ၂၀၀၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ်သန်း ၃၇၀၀ကို ၂၀၀၇ ခုနှစ် မတ်လအတွင်း ပြေကျေအောင် အပြီးကောက်ခံရေး၊ ချေးငွေများ တိုးမြှင့်ထုတ်ချေးရေး၊ မြို့နယ်များ အမြတ်ရရှိစေရန် ဝင်ငွေတိုးမြှင့်အောင် ဆောင်ရွက်ရေးနှင့် အသုံးစရိတ်ချွေတာရေးတို့ကို ဆွေးနွေး မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘော်လခဲခရိုင် ရွာသစ်မြို့ သုခလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ၃ရက်က အမှုဆောင်အရာရှိ ဦးထွေးအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်အောင်သင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုများ နှစ်ရက်ဆက်တိုက်ဖြစ်ပွား

ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုကို မခံမရပ်နိုင်သောလူထုက ရှေ့တန်းထွက်၍ ကန့်ကွက်

ပြည်သူတို့၏ ဆန္ဒသဘောထားများနှင့် တစ်သားတည်း ထင်ဟပ်လျက် နယ်ချဲ့လက်သစ်၏ ဗိုလ်ကျစိုးမိုးရေးလုပ်ရပ် ရပ်တန်းကရပ်ရန် သတိပေးလိုက်ပြီ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးရှေ့နှင့် ဗြိတိန်သံရုံးရှေ့တွင် ဇန်နဝါရီလ ၃၀ ရက် ယမန်နေ့ နံနက် ၁၁ နာရီခန့်က ဆန္ဒပြမှုနှစ်ခု ပြိုင်တူဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန်သံရုံးရှေ့

အမေရိကန်သံရုံးရှေ့၌ ဆန္ဒပြမှုကို ကိုယ်တိုင်မြင်တွေ့ရသူများက ယမန်နေ့ နံနက် ၁၁နာရီခန့်တွင် မဟာဗန္ဓုလပန်းခြံလမ်းအတွင်းမှ လူ ၃၀ ခန့် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စီတန်းထွက်ပေါ်လာပြီး ကုန်သည်လမ်းအတိုင်း အမေရိကန်သံရုံးရှေ့သို့ ဦးတည်ချီတက်သွားကြကြောင်း၊ ၎င်းတို့အနက် တချို့က ပိတ်စအဖြူပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်ထားကြကြောင်း၊ ဆန္ဒပြသူများသည် အမေရိကန်သံရုံးအလွန်တွင် နောက်သို့ပြန်လှည့်၍ သံရုံးရှေ့မျက်နှာစာ၌ ပိုစတာနှင့် စာရွက်များချထားပြီး ချက်ချင်းလူစုခွဲသွားကြောင်း၊ တစ်စုံတစ်ရာ ကြွေးကြော်အော်ဟစ်မှုမရှိကြောင်း၊ ၎င်းတို့ကြဲချသွားသည့် စာရွက်များကို အမေရိကန်သံရုံးမှ ဝန်ထမ်းတစ်ဦးနှင့် အစောင့်တစ်ဦးက လာရောက်ကောက်ယူသွားသည်ကို တွေ့လိုက်ရကြောင်း ပြောကြားသည်။

ဗြိတိန်သံရုံးရှေ့

အလားတူ ဗြိတိန်သံရုံးရှေ့၌ ဆန္ဒပြမှုကို မြင်တွေ့ရသူများ၏ ပြောကြားချက်အရ ဇန်နဝါရီလ ၃၀ ရက် ယမန်နေ့နံနက် ၁၁ နာရီခန့်တွင် ကမ်းနားလမ်းဟိုတယ်ဘက်မှ လူ ၄၀ နီးပါးထွက်လာပြီး ကမ်းနားလမ်းအတိုင်း ဗြိတိန်သံရုံးရှေ့သို့ ဦးတည်ချီတက်လာကြောင်း၊ အင်္ဂလိပ်စာတန်းပါရှိသည့် လက်ကိုင်ပိုစတာများကို တချို့က ကိုင်ဆောင်ထားကြောင်း၊ ဗြိတိန်သံရုံးရှေ့သို့အရောက်တွင် ပိုစတာနှင့်စာရွက်များ ချသွားသည်ကို တွေ့လိုက်ရကြောင်း၊ ၎င်းအဖွဲ့သည် သံရုံးအလွန်တွင် လူစုခွဲသွားကြောင်း သိရှိရသည်။

ထို့အတူ ယနေ့မွန်းလွဲ ၃ နာရီခန့်ကလည်း အဆိုပါ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့တို့တွင် ဆန္ဒပြမှုများ ထပ်မံဖြစ်ပွားခဲ့ကြောင်း သတင်းများရရှိသည်။

ပိုစတာများ ကိုင်ဆောင်

ဖြစ်ပွားပုံမှာ ယနေ့မွန်းလွဲ ၃ နာရီ အချိန်ခန့်တွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်း လမ်းဆုံမီးပွိုင့်ဘက်မှ လူ ၄၀ ခန့်သည် အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ရှုတ်ချသည့်ပိုစတာများ ကိုင်ဆောင်ပြီး ကုန်သည်လမ်းအတိုင်း အမေရိကန်သံရုံးရှေ့သို့ ချီတက်လာကြကြောင်း၊ ဆန္ဒပြသူများသည် အမေရိကန်သံရုံးရှေ့အရောက်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြပြီး ပိုစတာများနှင့်စာရွက်များကို ၎င်းသံရုံးရှေ့၌ချထားကာ လူစုခွဲသွားကြကြောင်း သိရသည်။

သဘောထား ကြေညာချက်စာရွက်များ

အလားတူ ယနေ့မွန်းလွဲ ၃နာရီကျော်ခန့်တွင် လူ ၃၀ နီးပါးသည် အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ရှုတ်ချသည့် ပိုစတာများ ကိုင်ဆောင်လျက် ရန်ကုန်မြို့ ကမ်းနားလမ်းအတိုင်း စာတိုက်ကြီးဘက်မှ ချီတက်လာပြီး ဗြိတိန်သံရုံးရှေ့၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဆန္ဒပြကြကြောင်း၊ ကြွေးကြော်သံ ပိုစတာများနှင့် သဘောထားကြေညာချက်စာရွက်များကို ဗြိတိန်သံရုံးရှေ့တွင်ချထားပြီး မကြာမီ လူစုခွဲသွားကြောင်း သိရသည်။

ဆန္ဒပြသူများကြဲချသွားသည့် ကြွေးကြော်သံများမှာ **"မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ခုတုံးလုပ် အသုံးမချနဲ့၊ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို မဖျက်ဆီးနဲ့၊ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ ဗိုလ်ကျစိုးမိုးရေးဝါဒ ကျဆုံးပါစေ၊ ခေတ်သစ်ကိုလိုနီဝါဒ ကျဆုံးပါစေ၊ မြန်မာ့အရေးသည် ကျွန်ုပ်တို့၏ပြည်တွင်းရေးသက်သက်သာဖြစ်သည်၊ အာဏာကို ဖြတ်လမ်းမှလိုချင်သော ပုဆိန်ရိုးတွေ ကျဆုံးပါစေ"**စသည်ဖြင့် ဖြစ်ကြောင်းတွေ့ရသည်။

ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ

ထို့အတူ **"မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော အမေရိကန်နှင့် ဗြိတိန်တို့အား ဆန့်ကျင်ကန့်ကွက်ရှုတ်ချခြင်း"**ခေါင်းစဉ်ဖြင့် ရေးသားထားသော စာကိုလည်းကောင်း၊ **"မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းလုပ်ဆောင်သော အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်ကို နိုင်ငံရေးအသိ နိုးကြားသော မြန်မာလူငယ်များက ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်"**စာကိုလည်းကောင်း တွေ့ရှိရသည်။

ထို့ပြင် **"ဒီမိုကရေစီခေါင်းဆောင်"**ဟူသော ခေါင်းစဉ်ဖြင့် **"အမေရိကန်ပြည်သူများခင်ဗျား"**ဟု အစချီကာ ရေးသားထားသည့်စာကိုလည်း တွေ့ရှိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ■

မြန်မာ့ပြည်တွင်းရေးအား စွက်ဖက်ခြယ်လှယ်ရန် ပူးပေါင်းလုပ်ကြံမှု မအောင်မြင်၍ NCGUB စိန်ဝင်း၊ FTUB မောင်မောင်နှင့်အဖွဲ့ အမေရိကန်၌ ရောက်ရှိတွေ့ဆုံ

အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဖောက်ခွဲဖျက်ဆီးရေးသမားများအား ပြည်တွင်းသို့ စေလွှတ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက် (Resolution) ချမှတ်နိုင်ရန် အဆိုပြုချက်မူကြမ်း ပူးပေါင်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ(Double Veto) ဖြင့် ကန့်ကွက်ပယ်ချခဲ့သည်။

အမေရိကန်၊ ဗြိတိန်တို့နှင့် ၎င်းတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်ခဲ့သော အဆိုပါလုပ်ရပ် ပယ်ချခံလိုက်ရသည့်အတွက် ယခုဇန်နဝါရီလအတွင်း အမေရိကန်နိုင်ငံ၌ NCGUB မှ ပြည်ပြေးစိန်ဝင်း၊ FTUB မှ မောင်မောင် (ခေါ်) ပြည်သစ်ညွန့်ဝေ၊ NDD မှ ကျော်ကျော်နှင့် FDB မှ ဒေါက်တာနိုင်အောင်တို့ တွေ့ဆုံပြီး ၎င်းတို့၏အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို ပိုမိုအရှိန်တိုးမြှင့်လုပ်ဆောင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းနှင့် ၎င်းအကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများအတွက် လိုအပ်သော ပံ့ပိုးမှုများကို ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့များက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြည်ပြေးအကြမ်းဖက်အဖျက်သမားများ ပူးပေါင်းအဖွဲ့က ၎င်းတို့၏အစီအမံကို အကောင်အထည်ဖော်ရန်အတွက် ABSDF မှ မြင့်ဇော်၊ NDD မှ ရဲထွဋ်နှင့် မြင့်နိုင်၊ ALP မှ တင်မိုး၊ MLOB မှ မျိုးနိုင်၊ တင်နိုင်၊ သန်းဇော်နှင့် လှထွန်း၊ KWO မှ နော်ဘီလွင်၊ ဝေဇင်ဇော်၊ အေးအေးနှင့် ကေဝင်းပွင့်တို့အား နယ်စပ်ဒေသမြဝတီတစ်ဝိုက်မှတစ်ဆင့် ကော့ကရိတ်–ကျုံဒိုး–ဘားအံ–မော်လမြိုင်လမ်းအတိုင်း ပဲခူးတိုင်းအတွင်းနှင့် ရန်ကုန်မြို့အတွင်းသို့ စေလွှတ်လိုက်ကြောင်းလည်း သတင်းရရှိသည်။

၎င်းတို့စေလွှတ်လိုက်သော အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအား ပြည်တွင်း၌ ဖောက်ခွဲရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ပါက တစ်ဦးလျှင် ဘတ်ငွေ တစ်သောင်းအထိ ချီးမြှင့်မည်ဟု မက်လုံးပေးထားကြောင်းလည်း သတင်းရရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် အဆိုပါ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို တားဆီးချေမှုန်းနိုင်ရန်အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့နေထိုင်ကူးသန်းသွားလာရာ လူမှုစီးပွားရေးအဝန်းအဝိုင်းအတွင်းသို့ အကြမ်းဖက်အဖျက်အမှောင့်သမားများနှင့် ဖောက်ခွဲဖျက်ဆီးရေးသမားများ ထိုးဖောက်ဝင်ရောက်လှုပ်ရှားမှုမပြုနိုင်စေရေးအတွက် အမြဲသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)